# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၇၆)


# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အဘက်ဘက်ကလေ့လာသုံးသပ်ပြီး စံချိန်စံနှုန်းမီဆက်လက်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၂) ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

(၄၂)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ဖြစ်သော ဤနေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပေးပြီးနောက် ရခိုင်ပြည်နယ်နေ့ကို ရွေးချယ်သတ်မှတ်ရာမှာ ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပတဲ့ ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၂) ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ သဘာဝပထဝီဝင်အနေအထားအရ ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းဒေသကို ပိုင်ဆိုင်ထားပြီး အရှေ့ဘက်မှာ ရခိုင်ရိုးမတောင်တန်း၊ မြောက်ဘက်မှာ မြေဆီသြဇာကောင်းသည့် လယ်ယာမြေများ စတဲ့ရေခံမြေခံပထဝီအနေအထားကြောင့် ဆန်၊ ရေ၊ စပါး၊ သား၊ ငါးနှင့် သဘာဝသယံဇာတပေါကြွယ်ဝတဲ့အပြင် အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပေါများလှတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးနွယ်စုဝင်တိုင်းရင်းသား (၇)မျိုးအပြင် အခြားတိုင်းရင်းသားများလည်း ရှေးပဝေသဏီကတည်းက ချစ်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိကြပါတယ်။ ရခိုင်ပြည်နယ်မှာ မြတ်ဗုဒ္ဓသာသနာ နေလို လလိုထွန်းတောက်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားလူမျိုးများအနေနဲ့လည်း မျိုးရိုးသီလကို အစဉ်အမြဲစောင့်ထိန်းခဲ့ကြပါတယ်။ အဲဒီလိုအမျိုးသီလကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းကိုလည်း ရခိုင်တိုင်းရင်းသားတို့က ဂုဏ်ယူတန်ဖိုးထားကြပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

# သဘာဝဘေးအန္တရာယ် ဆိုးကျိုးသက်ရောက်မှုများသည် ကမ္ဘာကြီး၏လုံခြုံရေးကို ခြိမ်းခြောက်နေ

## ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရေး နည်းလမ်းများပူးပေါင်းအဖြေရှာ

နေပြည်တော် ဒီဇင်ဘာ ၁၄

**သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုသည် အကြိမ်ရေပိုမိုများပြားလာပြီး ပိုမိုပြင်းထန်သည့် အဖျက်စွမ်းအားများဖြင့် ရိုက်ခတ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုဟုဆိုရာတွင် မျက်မြင်ထင်ရှားဖြစ်စေသည့် သဘာဝဘေးအန္တရာယ်များအပြင် သိသာထင်ရှားမှုမပြသည့် ထိခိုက်ဆုံးရှုံးမှုများကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။**

ယနေ့ နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပသည့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအကျိုးဆက်များကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် အဖျက်စွမ်းအားများကြောင့်လည်းကောင်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများ ရှိလာနိုင်ပါကြောင်း၊ ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ နိုင်ငံတကာ အကူအညီပေးမှုများလည်း ရှိလာမည်

*စာမျက်နှာ ၃ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ် (သတင်းစဉ်)




# မရိုးသားသော ခြေလှမ်းတို့၏ အန္တရာယ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံမည်ဆိုသောသတင်းအပေါ် ကြိုဆိုအပ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အာဆီယံနိုင်ငံများကြား မိတ်ဆွေကောင်းတို့၏ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လိုက်သော ခြေလှမ်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် ဓာတ်ပုံများကို အသုံးပြုလျက် နိုင်ငံတော်အပေါ် တိုက်ခိုက်နေခြင်းက နိုင်ငံတကာမျက်နှာစာတွင် အဖျက်အမှောင့်အင်အားစုတို့ ချိတ်ဆက်လှုံ့ဆော်နေခြင်းကို ထင်ထင်ရှားရှားဖော်ပြနေပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် အသုံးအနှုန်းတစ်ခုနှင့် ဆက်စပ်ပတ်သက်နေပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးစုများတွင် ယင်းလူမျိုးပါဝင်မှုမရှိသည်ကို သမိုင်းပညာရှင်များ၏ သုတေသနပြုချက်များဖြင့် ထုတ်ပြန်မည်ဟုလည်း ကြားသိရပါသည်။ မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်သည် တိုင်းပြည်တွင် နှစ်ပေါင်းများစွာအခြေချနေထိုင်ခဲ့သည့် နိုင်ငံခြားသားများကို ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက နိုင်ငံသားဖြစ်ခွင့်ပြုမည်ဟု မူဝါဒချမှတ်ခဲ့သည်သာမက လက်တွေ့လည်း ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ သို့သော် ရခိုင်ပြည်နယ်ရှိ ယင်းတို့၏ တောင်းဆိုချက်သည် မရိုးသားသော တောင်းဆိုချက်သာ ဖြစ်ပါသည်။ ၎င်းတို့ကို အသိအမှတ်ပြုရန် တောင်းဆိုချက်သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုတစ်စုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုခြင်းသာ ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု တစ်စုဆိုသည်နှင့်တစ်ပြိုင်တည်း အချုပ်အခြာအာဏာပိုင် နယ်မြေဆိုသည့်ကိစ္စကလည်း တစ်ပါတည်း ပူးတွဲပါလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာအခြေချနေထိုင်ခဲ့သည့် အိန္ဒိယမျိုးနွယ်များနှင့် တရုတ်မျိုးနွယ်များသည် ၎င်းတို့အတွက် သီးခြားအမည်တစ်စုံတစ်ရာတောင်းဆိုခြင်းမျိုး လုံးဝမရှိပါ။ နိုင်ငံသားများအဖြစ် ကျန်တိုင်းရင်းသားလူမျိုးစုများနှင့် အေးအတူပူအမျှနေထိုင်ကြသည်သာ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ လူဦးရေသည် သုံးသန်းဝန်းကျင်သာရှိပါသည်။ သို့သော် တစ်ဖက်နိုင်ငံ၏ လူဦးရေသည် သန်း ၁၆၀ ကျော်ပါသည်။ နယ်နိမိတ်ထိစပ်လျက်ရှိသော နိုင်ငံတို့တွင်ဖြစ်လေ့ရှိသောသဘာဝအတိုင်း ၎င်းတို့ထဲမှ တချို့သည် နယ်စပ်မျဉ်း၏ တစ်ဖက်၌ရှိသော ရခိုင်ပြည်နယ်သို့ ကူးဝင်အခြေချနေထိုင်ကြပါသည်။ နိုင်ငံတော်၏ အစိုးရအဆက်ဆက်သည် ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်ခဲ့သူ ၎င်းတို့ကို ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ပြုခဲ့သော်လည်း ဥပဒေနှင့်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရခိုင်ပြည်နယ်ရှိ ၎င်းတို့ အားလုံးကိုနိုင်ငံသားအဖြစ် လက်ခံရန်မှာ ဖြစ်နိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ အကျိုးအကြောင်း ခိုင်လုံ၍ တရားမျှတသော ဤတွေးဆချက်အပေါ် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံရန်လိုအပ်ပါသည်။

နိုင်ငံတော်သည် ရခိုင်ပြည်နယ်ရှိ ၎င်းဘာသာဝင်တို့၏ လူ့အခွင့်အရေးနှင့် နိုင်ငံသားဖြစ်ပိုင်ခွင့်တို့အပေါ် တစ်စုံတစ်ရာချိုးဖောက်ကျူးလွန်ခဲ့ခြင်းမရှိပါ။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်၏အရေးကိစ္စကို အမှန်တကယ် ပြေလည်စေလိုသော စိတ်စေတနာရှိပါက ရခိုင်ပြည်နယ်အတွင်း ဘာသာလူမျိုးမတူညီသောလူမှုအသိုင်းအဝိုင်းတို့ကြား ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ရခိုင်ပြည်နယ်၏အလုပ်အကိုင်အခွင့်အလမ်းတို့ ကျယ်ပြန့်အားကောင်းစေရေးတို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ကော်မရှင်အနေဖြင့် လွှတ်တော်သို့ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အထောက်အကူပြုဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E.Mr. Pier Giorgio Aliberti အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ လက်ခံ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကော်မရှင်အနေဖြင့် လွှတ်တော်သို့ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အထောက်အကူပြုဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အီတလီနိုင်ငံသံအမတ်ကြီးတို့ ဆွေးနွေးစဉ်**

# ပင်လုံမြို့၌ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်ဖြင့် စက်ဘီးစီးပွဲကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် တောင်ပိုင်း အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ တန်ခိုးကြီးဘုရား၊ စေတီများနှင့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ၊ နိုင်ငံခြားသားများ လာရောက်လည်ပတ်သည့် နေရာများအားလုံးတွင် ၂၀၂၀ ပြည့်နှစ် အရောက်၌ ဆေးလိပ်ငွေ့ကင်းစင်နေရာများ ပေါ်ထွက်လာရေး ဝိုင်းဝန်းကြိုးပမ်းရန် လိုအပ်ချက်များဖြင့် (Smoke Free Shan State) ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အစီအစဉ်ကို ဂုဏ်ပြုသောအားဖြင့် စက်ဘီးစီးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ဘီးစီးပွဲတွင် လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့တို့မှ စက်ဘီးစီးအားကစားသမား ၅၇ ဦးတို့က ဒီဇင်ဘာ ၁၄ ရက်တွင် ပင်လုံမြို့မဈေးကြီးရှေ့မှ လွိုင်လင်အားကစားကွင်းသို့ လည်းကောင်း၊ လွိုင်လင်အားကစားကွင်းမှ ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းသို့ လည်းကောင်း အသွားအပြန် ၁၂ မိုင်ကို စုပေါင်းစက်ဘီးစီးပွဲ ကျင်းပခဲ့ကြောင်းသိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၄-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၀ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၀ ・ ၉၈ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၅၆ |
| တရုတ် | တစ်ယွမ် | ၁၉၁ ・ ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ ・ ၄၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ရှေ့ဖုံးမှ*

နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ(၄)ရပ်ဖြစ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ စသည်ဖြင့် ဖွဲ့စည်းထားရှိပြီး ပြည်နယ်ရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနဲ့ ပညာရေး၊ ကျန်းမာရေး စတဲ့ အခြေခံကျတဲ့ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တိုးတက်မှုများကို အထိုက်အလျောက်မြင်တွေ့နေရပြီဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ဒေသခံများရဲ့ သဘောထား၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲ့ လူမှုစီးပွားသက်ရောက်နိုင်မှုတို့ကို အဘက်ဘက်က လေ့လာသုံးသပ်ပြီး စံချိန်စံနှုန်းမီ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပထဝီအနေအထားအရ မြစ်ချောင်းပေါများလှတဲ့ ရခိုင်ပြည်နယ်အတွင်း ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။

**ရခိုင်ပြည်နယ်ရဲ့ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးလှသလို ပြည်နယ်သူ ပြည်နယ်သားတို့ရဲ့ စုပေါင်းညီညွတ်သောစွမ်းပကားနဲ့ အနာဂတ်မှာ အနောက်ဘက်ဒေသ ခေတ်မီတိုးတက်သာယာလှပစေရေး ကြိုးပမ်းတည်ဆောက်**

ဒီနှစ် ဇွန်လနဲ့ဇူလိုင်လများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတဲ့အတွက် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေနဲ့ အရေးပေါ်ကယ်ဆယ်ရေး၊ အမိုးအကာအောက်ရောက်ရှိရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်သဘာဝဘေးဒဏ်ခံနိုင်ရေးတို့ကို အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သဘာဝကပေးတဲ့အနေအထားအရ သဘာဝဘေးအန္တရာယ်တွေ ကြိမ်ဖန်များစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပေမယ့်လည်း အစဉ်အမြဲဦးမော့လျက် ကြံ့ကြံ့ခံကျော်လွှားနိုင်ခဲ့ကြသော ရခိုင်သူ ရခိုင်သားတို့ရဲ့ ခိုင်မာသောစိတ်ဓာတ်နဲ့ အရှုံးမပေးတဲ့အလေ့အထတို့အတွက် အထူးပင်ဂုဏ်ယူပါကြောင်း အခါအခွင့်သင့်ခိုက် မှတ်တမ်းတင်ဂုဏ်ပြုလိုပါတယ်။

ဗုဒ္ဓသာသနာတော်ရောင်ခြည်များ တထိန်ထိန်လင်းလက်တောက်ပခဲ့တဲ့ ရခိုင်ပြည်နယ်ရဲ့အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးလှသလို ပြည်နယ်သူ ပြည်နယ်သားတို့ရဲ့ စုပေါင်းညီညွတ်သောစွမ်းပကားနဲ့ အနာဂတ်မှာ အနောက်ဘက်ဒေသ ခေတ်မီတိုးတက်သာယာလှပစေရေး ကြိုးပမ်းတည်ဆောက်သွားကြပါရန် နေ့ထူးနေ့မြတ်ဖြစ်တဲ့ ရခိုင်ပြည်နယ်နေ့အခါသမယမှာ ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ

---

*ရှေ့ဖုံးမှ*

ဖြစ်ပါကြောင်း၊ အဆိုပါ အကူအညီများသည် ပြည်သူလူထုအတွက် ကောင်းမွန်သည့် အကူအညီများဖြစ်သော်လည်း ကဏ္ဍအလိုက် လုံခြုံစိတ်ချရမှုကို ထည့်သွင်းစဉ်းစားရမည့် အခြေအနေများလည်း ရှိနိုင်ပါကြောင်း။

**နည်းလမ်းအဖြေရှာ**

ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများနှင့်ဆက်စပ်သည့် သဘာဝဘေးအန္တရာယ် ဆိုးကျိုးသက်ရောက်မှုများသည် ကမ္ဘာကြီး၏ လုံခြုံရေးကို ခြိမ်းခြောက်နေပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအချင်းချင်း ပူးပေါင်း၍သော်လည်းကောင်း၊ တစ်နိုင်ငံချင်းစီအလိုက်သော် လည်းကောင်း ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရေး နည်းလမ်းများကို ပူးပေါင်းဆွေးနွေး အဖြေရှာဆောင်ရွက်လာကြပါကြောင်း ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်းရှိ သက်ဆိုင်ရာကဏ္ဍအသီးသီး၌လည်း နည်းလမ်းများရှာဖွေဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုဖြစ်သည့် Paris Agreement ကို လက်မှတ်ရေးထိုးခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကို နိုင်ငံတော်အဆင့် နည်းဗျူဟာများနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကိုဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေး၊ ရေဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ United Nations International Strategy for Disaster Reduction-UNISDR က ဦးဆောင်ဦးရွက်ပြုဆောင်ရွက်လျက်ပြီး မြန်မာနိုင်ငံသည်လည်း သဘောတူချမှတ်ထားသည့် မူဘောင်များနှင့် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ မူဘောင် Sendai Framework၊ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Disaster Management and Emergency Response-AADMER)များတွင် ပါဝင်သဘောတူလက်မှတ်ရေးထိုးထားရှိပြီး မူဘောင်များ၊ သဘောတူညီချက်များနှင့်အညီ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရေးဆွဲအကောင်အထည်ဖော်**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားရှိပြီး သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ထိထိရောက်ရောက်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေးလုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR) ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို ခံစားနေကြရပြီဖြစ်ကြောင်းနှင့် ရှောင်လွှဲရန် မဖြစ်နိုင်တော့ကြောင်း တွေ့ရှိမှုများအရ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး (Adaptation)ကို ပြောင်းလဲဆောင်ရွက်လာကြပါကြောင်း။

သဘာဝဘေးအန္တရာယ် လျော့ပါးရေး (Disaster Risk Reduction-DRR)နှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး (Climate Change Adaptation- CCA) ဆိုင်ရာလှုပ်ရှားမှုများသည် ယှဉ်တွဲဆောင်ရွက်နေရသည့် လှုပ်ရှားမှုများဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်နေရမည့် လုပ်ငန်းများလည်း ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုများ၏ ဆိုးကျိုးသက်ရောက်မှုများသည် ကဏ္ဍအားလုံး၌ သက်ရောက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေပါကြောင်း၊ Cross-cutting Issue များ ဖြစ်ပါကြောင်း၊ အဆိုပါ Crosscutting Issue များကို တုံ့ပြန်နိုင်ရေးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ တစ်နိုင်ငံချင်း ဆောင်ရွက်လို့ရသည့် လုပ်ငန်းများ မဟုတ်ဘဲ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် ပိုမိုပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

**စုပေါင်းဆွေးနွေးဖော်ထုတ်**

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ချိတ်ဆက်ဆောင်ရွက်ရမည့်ရေတို၊ ရေရှည်အစီအမံများကို စုပေါင်းဆွေးနွေးဖော်ထုတ်ပြီး အလုပ်ရုံဆွေးနွေးပွဲမှထွက်ပေါ်လာသည့် လုပ်ငန်းအစီအမံများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် UNDP ဌာနေကိုယ်စားလှယ် မစ္စ ရီနာတား လော့ဒ်ဒက်စ်စလီယန်တို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများကို တစ်သားတည်း ပေါင်းစပ် ဆောင်ရွက်လာနိုင်စေရန်၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေးတို့နှင့်စပ်လျဉ်း၍ နယ်ပယ်ကဏ္ဍတစ်ခုချင်းစီအလိုက် ရှိရင်းစွဲမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖလှယ်ဆွေးနွေးနိုင်စေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလုပ်ငန်းများနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုဆွေးနွေးနိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းများတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက်အကြံပြုချက်များနှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးကြမည်**

အလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှု အလားအလာများနှင့် ကြိုတင်သတိပေးဆောင်ရွက်ခြင်းကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကဏ္ဍနှင့် ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်များနှင့် နိုင်ငံတော်လုံခြုံရေးကဏ္ဍတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Royal Nay Pyi Taw ဟိုတယ်၌ ဒီဇင်ဘာ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

---

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် (နေပြည်တော်)ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ ဂေါက်ကလပ်များ၌ လှည့်လည်ပြုလုပ်၍ နောက်ဆုံးပွဲစဉ်ကို နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ် (နေပြည်တော်)၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တီခုံအမှတ်(၁)၌ Smoke Ballနှင့် Colour Ball ကို ရိုက်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က Colour Ball ကို ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများက သတ်မှတ်တီခုံအသီးသီး၌ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၂၄ ဦး၊ အမျိုးသားဝါသနာရှင်အဆင့် ၁၂၄ ဦး၊ အမျိုးသမီး အားကစားသမား ၁၁ ဦးနှင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မျိုးဆက်သစ်လူငယ်ကစားသမား ၁၆ ဦး စုစုပေါင်း အားကစားသမား ၁၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ မျိုးဝင်းအောင်က သတ်မှတ်ရိုက်ချက်အတိုင်း စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ်က ၇၃ ချက်ဖြင့် ဒုတိယ၊ ရဲထက်အောင်က ၇၃ ချက်ဖြင့် တတိယနေရာတွင် ရှိကြပြီး အမျိုးသားဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ဟိန်းစည်သူက ၇၃ ချက်ဖြင့် ပထမ၊ စိုးလှိုင်ဝင်းက ၇၄ ချက်ဖြင့် ဒုတိယနှင့် စိုးမင်းထိုက်က ၇၅ ချက်ဖြင့် တတိယရရှိထားသည်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဇန်နဝါရီလမှစတင်၍ ကျင်းပခဲ့ရာ ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။ ယင်းပွဲစဉ်များတွင် ပထမပွဲစဉ်ကို ရောဝတီဘဏ်၊ ဒုတိယပွဲစဉ်ကို မြဝတီဘဏ်၊ တတိယပွဲစဉ်ကို ကမ္ဘောဇဘဏ်၊ စတုတ္ထပွဲစဉ်ကို CB ဘဏ်၊ ပဉ္စမ ပွဲစဉ်ကို ဖြိုးစည်သူကုမ္ပဏီနှင့် BAGO YOMA ECO RESORT၊ ဆဋ္ဌမပွဲစဉ်ကို IBTC တို့က အဓိကကူညီပံ့ပိုး ပေး၍ ယခုနောက်ဆုံးပွဲစဉ်ကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးပြီး ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ ဇေယျာသီရိ ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၂၂)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၄

**(၂၂)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက မန္တလေးမြို့အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးမဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ အဓိပတိဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများ၊ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ ဘွဲ့ခံယူတော်မူကြမည့် သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားသို့ကြွရောက်လာသည့် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ တက္ကသိုလ်များ၏ အဓိပတိ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်၍ သရဏီယ ဩဝါဒကထာကို နာကြားခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဘုရားကြီးတိုက် ဆင်မင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ သမ္မောဒနီယဩဝါဒကထာ နာယူခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မော်ကွန်းထိန်း ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ)က (၂၂)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆင်မင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသထံတွင် ဘွဲ့ခံ သံဃာတော်များစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က ဂုဏ်ထူးဆောင် ဓမ္မပါရဂူဘွဲ့ခံယူမည့် အဓိပတိဆရာတော်ကြီး ဘွဲ့တော်ကို ကြေညာ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ တက္ကသိုလ်များ၏ အဓိပတိ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ဂုဏ်ထူးဆောင်ဓမ္မပါရဂူ ဘွဲ့ဆက်ကပ်ပြီး အဓိပတိဆရာတော်ကြီးက သံဃာတော် အရှင်သူမြတ် လေးပါးတို့အား ဂုဏ်ထူးဆောင်ဓမ္မပါရဂူဘွဲ့ ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ပါမောက္ခချုပ် ဆရာတော်ကြီးများက



ဘွဲ့ရအရှင်သူမြတ်များဖြစ်သော သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ တစ်ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ ၁၈ ပါး၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ ၁၁၁ ပါးတို့အား ဘွဲ့လက်မှတ်များကို ချီးမြှင့်တော်မူကြပြီး ဘွဲ့ရ ရဟန်းတော်များက သာသနာပြု ကတိသစ္စာခံယူတော်မူကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် တပ်ရင်းတပ်ဖွဲ့များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေး လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၆၈ ဖွဲ့တို့က ငွေကျပ် ၅၁၀၁၂၁၀၀ ကျော် တန်ဖိုးရှိ သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆွမ်းဆန်တော်များကို လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် အစည်းအဝေး အိမ်ရှင်အဖြစ်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည်တွင်း၌ အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ပြောကြားသည်။** (ယာပုံ)

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(South East Asia Parties Against Corruption SEA-PAC)၏ (၁၂) ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ထိရောက်သော အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ တားဆီးကာကွယ်ခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ချက်များသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(SEA-PAC)၏ အဓိက ရည်မှန်းချက်(၂)ရပ်မှာ အဖွဲ့ဝင်နိုင်ငံများအကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို ခိုင်မာစေရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ထူထောင်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးမြဝင်းက အဆိုပါ ရည်မှန်းချက် (၂)ရပ် အောင်မြင်စေရန်အတွက် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များကို အရည်အသွေးမြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဆက်စပ်သော နယ်ပယ်ကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်နှင့် ဝန်ထမ်းများ စေလွှတ်ပေးခြင်း၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းနှင့် လက်တွေ့ဆောင်ရွက်မှုများအတွက် လိုအပ်သော နည်းပညာအထောက်အပံ့များ ပေးခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။




အဂတိလိုက်စားမှုများကို (Together Against Corruption) ဟူသော SEA-PAC ၏ ဆောင်ပုဒ်နှင့်အညီ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ်အရ မြန်မာနိုင်ငံက Prevention of Corruption Through Cooperation ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ခေါင်းစဉ်ငယ်များဖြင့် ဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

SEA-PAC အစည်းအဝေးကို အလှည့်ကျနိုင်ငံအလိုက် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်း ဖြစ်ပြီး ယခု အစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ UNODC မှ ကိုယ်စားလှယ်များ၊ SEA-PAC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ၏ ပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) အရ ရွေးချယ်ထားသော လုပ်ငန်းခုနစ်မျိုးတွင် ပါဝင်သည့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးအတွက် လုပ်ငန်းစဉ်များတွင်ပါဝင်သည့် သန့်ရှင်းရေးနှင့် မှတ်တမ်းပြုစုရေးဆိုင်ရာ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကို ဆွေးနွေးခြင်း၊ လက်တွေ့သင်တန်း ပို့ချခြင်းများကို မကွေးတိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"NES လုပ်ငန်းစီမံချက်ရဲ့ရည်ရွယ်ချက်က ဆီထွက်သီးနှံကဏ္ဍမှာ အစားအစာလုံခြုံစိတ်ချရမှု တိုးတက်ရေးနဲ့ အပင်ပိုးမွှားရောဂါကင်းရှင်းရေးအစီအမံတွေကို လိုက်နာဆောင်ရွက်ဖို့၊ အဲဒီကနေ GAP စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ်ကောင်းတွေ တိုးပွားလာစေဖို့၊ ဒီအကျိုးဆက်တွေအဖြစ် ဆီထွက်သီးနှံကဏ္ဍမှာ ပါဝင်ပတ်သက်နေတဲ့ လုပ်ငန်းတွေ၊ လုပ်ငန်းလုပ်ကိုင်သူတွေအားလုံး ဝင်ငွေတိုးတက်လာစေဖို့ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မကွေးမှာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လက်တွေ့သင်တန်းပေးတာတွေ လုပ်ဆောင်နေပါတယ်" ဟု တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာဝင်းက ပြောသည်။

သန့်ရှင်းရေးနှင့်မှတ်တမ်းပြုစုရေးဆိုင်ရာ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့ပြီး မကွေးမြို့ မြင့်မြတ်တော်ဝင်ပွဲရုံနှင့် အောင်လံမြို့ လပြည့်ဝင်းပွဲရုံတို့၌ NES စီမံကိန်းတာဝန်ရှိသူများ ဖြင့်လက်တွေ့သင်တန်းများ ပို့ချခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သုံးနှစ်တာကာလအတွင်း NES လုပ်ငန်းစီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းကြီးကြပ်မှုကော်မတီ၊ အထောက်အကူပြုကော်မတီတို့ကို ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့အစည်း၌ ဝန်ကြီးဌာနများ၊ ကုန်စည်ဒိုင်များ၊ ကုန်သည်/စက်မှုအသင်းနှင့် ညီနောင်အသင်းများ ပါဝင်ကြကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ခရီးသည်တင်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေးဆွေးနွေး

**ရေစကြို ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့မှ ပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ စည်းကမ်းရှိရှိ စနစ်တကျပြေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ရေစကြိုမြို့နယ် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးခင်မောင်တင့်က တရားဝင်လိုင်း ပြေးဆွဲခွင့်ပြုထားသော ယာဉ်များနှင့် (ယ.က.က)တွင် မှတ်တမ်းဝင်ထားသော ယာဉ်များအားလုံး မိမိတို့၏ သတ်မှတ်ဂိတ်များ၌သာ ဂိတ်ထိုးပြေးဆွဲရန်၊ ကုန်တင်ယာဉ်များအနေဖြင့် ခရီးသည်တင်ဆောင်ခြင်းမပြုရန်၊ တရားဝင်လိုင်းများကလည်း ဆိပ်ကမ်းတွင်ကားရပ်၍ ခရီးသည်တင်ဆောင်ခြင်းမပြုရန်တို့ကို ရှင်းလင်းတင်ပြပြီး မှတ်တမ်းဝင်ခြင်းမရှိဘဲ ပြေးဆွဲနေသောယာဉ်များ၊ ဆိပ်ကမ်းမှ ခရီးသည်တင်သောယာဉ်များ၊ ပြေးဆွဲခွင့်လိုင်စင်မရှိဘဲ ပြေးဆွဲနေသည့်ယာဉ်များကို ပညာပေးကာလ တစ်လပြည့်သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစ၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

■ *ကျောဖုံးမှ*

လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရ ကုန်စည်စီးဆင်းမှုမရှိဘဲ ဈေးမဖွင့်နိုင်သဖြင့် မိမိတို့ရွာနှင့် ဒေသ အတွင်းရှိ ရွာများအတွက် စားဝတ်နေရေး ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြကြပါသည်။ ကော်မရှင်ဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ ဒေသခံပြည်သူများ၏ စားဝတ်နေရေးကိုပြေလည်စေရေး၊ ၎င်းတို့၏ အခြေခံအခွင့်အရေးများ အာမခံချက်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာမှ ထောက်ပံ့သော လူသားချင်းစာနာမှု အကူအညီများကို ရခိုင်ပြည်နယ်အစိုးရက သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဝေထောက်ပံ့ပေးလျက်ရှိသဖြင့် ရသင့်ရထိုက်သူများ ရရှိလိမ့်မည်ဟု မျှော်မှန်းပါကြောင်း ရွာသူရွာသားများနှင့် တွေ့ဆုံစဉ်ပြောကြားရာ ရွာသူရွာသားများက ၎င်းတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကောင်းမွန်စွာ ရရှိပါကြောင်း၊ ဖြစ်နိုင်ပါက ထပ်မံရရှိလိုပါကြောင်းဖြင့် ပြောကြားကြပါသည်။

၄။ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်သည်ဟု သံသယရှိသူများကို ဖမ်းဆီးစစ်ဆေးလျက်ရှိရာ မသက်ဆိုင်သူများကို ပြန်လည်လွှတ်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်ထိ ၄၈ ဦး လွှတ်ပေးပြီးဖြစ်ကြောင်း သိရှိရပါသည်။ ရွာသူရွာသားများနှင့် တွေ့ဆုံစဉ်တွင် ၎င်းတို့၏ မိသားစုဝင်များ ဖမ်းဆီးစစ်ဆေးခံနေရမှုများရှိပါကြောင်း ပြောကြား၍ အပြစ်မရှိပါက လွှတ်ပေးပါရန် မေတ္တာရပ်ခံကြပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အစိုးရ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းကာစစ်ဆေးမှုများ မကြန့်ကြာစေရေးအတွက် ဆောလျင်စွာ ပံ့ပိုးဆောင်ရွက်ပေးရန် ညှိနှိုင်းပေးပါသည်။

၅။ ကော်မရှင်အဖွဲ့ဝင်များ မောင်တောဒေသအတွင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ် ကာလ၌ The Guardian သတင်းစာ၊ South China Morning Post Website တွင် ၁၁ - ၁၂ - ၂၀၁၆ ရက်စွဲဖြင့် တင်ခဲ့သည့် သတင်းတစ်ရပ်၌ မြန်မာနိုင်ငံမှ ထွက်ပြေးလာသူ Noor Ayesha ဆိုသူ အမျိုးသမီးက ၎င်းသည် သမီးငယ် Dilnawaz Begum တို့နှင့်အတူ ထွက်ပြေးခဲ့ကြောင်း၊ ၎င်းသည် ကြက်ရိုးပြင်ရွာမှ ဖြစ်ကြောင်း၊ ၎င်းကို အဓမ္မပြုကျင့်ခံရကြောင်း၊ ၎င်း၏သမီး နှစ်ယောက်ကို အဓမ္မပြုကျင့်ပြီးနောက် အသတ်ခံရကြောင်း၊ ၎င်း၏ ခင်ပွန်းလည်း အသတ်ခံရကြောင်း၊ ကြက်ရိုးပြင်ရွာသို့ တပ်မတော်မှဝင်ရောက်စဉ် အခြားအမျိုးသမီးများလည်း အဓမ္မပြုကျင့်ခံရကြောင်း၊ သတ်ဖြတ်မှုများစွာလည်းရှိကြောင်း စသည်ဖြင့် ဖော်ပြပါရှိရာ ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ကြက်ရိုးပြင်ရွာသို့ သွားရောက်၍ အသက်အရွယ် ကြီး၊ လတ်၊ ငယ် အမျိုးသားများ၊ အမျိုးသမီးများကို အချိန်ယူ၍ ကျယ်ကျယ်ပြန့်ပြန့်မေးမြန်းရာ The Guardian Website တွင်ပါရှိသည့် Noor Ayesha ၏ ဖြစ်စဉ်ဖြစ်ပွားမှု မရှိခဲ့ပါကြောင်း၊ အဆိုပါအမျိုးသမီးကိုလည်း ၎င်းတို့ရွာ၌ မတွေ့ရှိဖူးပါကြောင်း စသည်ဖြင့် ပြောကြားကြပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၎င်းဒေသ၌ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းမှ တာဝန်ရှိအရာရှိများအားလည်း မေးမြန်းရာ အမျိုးသမီးများကို အဓမ္မပြုကျင့်မှု ဖြစ်စဉ်မရှိပါကြောင်း၊ မိမိတို့သည် တပ်မတော် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားပါသည်။

၆။ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့ အထိ မောင်တောဒေသ၌ စုံစမ်းစစ်ဆေးရာတွင် အကြမ်းဖက်တိုက်ခိုက်သူများအား ဥပဒေကြောင်းအရ အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ နောက်ပိုင်း နယ်မြေရှင်းလင်းရေး လုပ်ငန်းစဉ်များ၌ အကြမ်းဖက်တိုက်ခိုက်မှု၊ မီးရှို့မှုများ မရှိတော့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ဒေသခံများအတွင်း စိုးရိမ်မှုများလျော့နည်းလာပြီး ဒေသတွင်း တည်ငြိမ်မှု အရိပ်အယောင်များ တွေ့ရှိရပါသည်။ အချို့ကျေးရွာများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်ကိုသိရပြီး အချို့ကျေးရွာများက စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးရေး၊ ဆရာ ဆရာမများ စေလွှတ်ပေးရေး မေတ္တာရပ်ခံကြပါသည်။ ရပ်ရွာတည်ငြိမ်အေးချမ်းမှုရှိလာပြီဖြစ်၍ စာသင်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ရန် ကော်မရှင်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းပေးခဲ့ပါသည်။

၇။ ထို့အပြင် ကော်မရှင်သည် မောင်တောဒေသသို့ ပထမအကြိမ်အဖြစ် သွားရောက်ခဲ့သည့် ခရီးစဉ်တွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်၏ စုံစမ်းစစ်ဆေးမှုလုပ်ငန်းကို သာမက ဒေသတည်ငြိမ်ရေး၊ ဒေသခံများ၏ ရောင်းဝယ်ဖောက်ကားမှု လည်ပတ်ပြီး စားဝတ်နေရေး အဆင်ပြေရေးနှင့် အခြားသော ပညာရေး၊ ကျန်းမာရေး ကိစ္စများပါ အဆင်ပြေရေးအတွက် ကော်မရှင်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

**စုံစမ်းစစ်ဆေးရေးကော်မရှင်**

**ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်**

# ဝင်ငွေနည်းပြည်သူများအတွက် အိမ်ရာဈေးငွေစနစ်တစ်ရပ်ကို ထူထောင်ပေးနိုင်ခဲ့




**(၆) ကြိမ်မြောက် အာရှ-ပစိဖိတ် အိုးအိမ်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများ အဆင့် ညီလာခံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက် ပြောကြားစဉ်**

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် (၆) ကြိမ်မြောက် အာရှ-ပစိဖိတ် အိုးအိမ်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံသို့ ဒီဇင်ဘာ ၁၄ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ယခုအခါတွင် နိုင်ငံရေးပွင့်လင်း လွတ်လပ်လာမှုနှင့်အတူ ကုန်သွယ်ရေး၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်လာသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရရှိနေပြီ ဖြစ်ပါကြောင်း၊ များမကြာမီကာလအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရရှိစေနိုင်တော့မည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ မြို့ပြများအလျင်အမြန် ဖွံ့ဖြိုးလာနိုင်ပြီး အိမ်ရာလိုအပ်ချက်များ၊ အခြေခံ အဆောက်အအုံလိုအပ်ချက်နှင့် မလုံ လောက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာနိုင်မှုများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြဿနာများ ရင်ဆိုင်ကြုံတွေ့နိုင်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး ဟန်ချက်ညီသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ရန်အတွက် အာရှနှင့်ပစိဖိတ်နိုင်ငံများ၏ အတွေ့အကြုံကောင်းများကို ဤညီလာခံမှ လေ့လာရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်ပြည့်စုံသော မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ မြို့ပြစီမံကိန်းအရ ဦးစားပေးလုပ်ငန်းရပ်များကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုးတက်ဖွံ့ဖြိုးလာသည့် မြို့ပြဝန်ဆောင်မှု အကျိုးရလဒ်များကို ကျေးလက်ဒေသအထိ အကျိုးခံစားမှုမျှဝေပြီး မြို့ပြကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရှိရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသတွင်း ရှင်သန်နေသည့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ထိခိုက်ဆုံးရှုံးမှုများ မရှိစေရေး ကာကွယ်ထိန်းသိမ်းရန်လည်း လိုအပ်ပါကြောင်း။

အိမ်ရာကဏ္ဍအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အိမ်ရာတည်ဆောက်သည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ဝင်ငွေနည်းပြည်သူများအတွက် အိမ်ရာဈေးငွေစနစ်တစ်ရပ်ကို ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်၍ များစွာဝမ်းမြောက်ပါကြောင်း။

ယခုအစိုးရ တာဝန်ယူသည့် ငါးနှစ်တာကာလအတွင်း လူတန်းစားမျိုးစုံ နေထိုင်နိုင်မည့် အိမ်ရာယူနစ် တစ်သန်း ထုတ်လုပ်သွားမည်ဟု နိုင်ငံတော်သို့ အသိပေးပြောကြားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ငွေကြေး၊ နည်းလမ်းလိုအပ်ချက်များ ရှိနေပါကြောင်း။

သို့ပါ၍ဒေသတွင် အာရှ-ပစိဖိတ်နိုင်ငံများမှ စိတ်ဝင်စားသူလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများအား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍများတွင် မြန်မာနိုင်ငံသို့ လာရောက်ပြီး P.P.P စနစ်ဖြင့် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါညီလာခံသို့ အာရှနှင့် ပစိဖိတ် ဒေသတွင်းနိုင်ငံ၃၀ မှ ဝန်ကြီးများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်းပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲပေးနေသော လေကြောင်းလိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်ပခရီးစဉ်အဖြစ် ဗန်ကောက်၊ ချင်းမိုင်၊ စင်ကာပူ၊ ဟောင်ကောင် အစရှိသောမြို့များသို့ ပျံသန်းပြေးဆွဲလျက် ရှိကြောင်း၊ ပြည်တွင်းခရီးစဉ်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ပေါင်း ၂၈ မြို့ သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလေဆိပ် Terminal များပြောင်းရွှေ့ဖွင့်လှစ်မှုသည် မကြာမီရက်ပိုင်းအတွင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပြည်တွင်းခရီးသည်အဆောက်အအုံ သစ်ဖွင့်လှစ်ခဲ့ပြီးနောက် Terminal များ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာပေါ်ရှိ လေကြောင်းအချို့တိုးချဲ့ပျံသန်းပြေးဆွဲလာမှုကြောင့် လေဆိပ်အဆောက်အအုံကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆင်းသက်မှုမှာလည်း နေ့စဉ်စင်းရေအားဖြင့် ၁၂၀ ခန့်ရှိကြောင်း သိရသည်။

# မြန်မာ-ဗီယက်နမ်အကြား ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စဆွေးနွေး


**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ဗီယက်နမ်နိုင်ငံသံအမတ်ကြီး Mrs. Luan Thuy Duong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဒေါ်ခင်စောဦး၊ ဦးစိုးမင်းနှင့် ဥက္ကဋ္ဌရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဆောင်းတွင်းချိန်ခါ ကျန်းမာရေး ဂရုပြုစရာများ

## တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူသော ရာသီဥတုသုံးမျိုးရှိသည်ကို လူတိုင်းသိပြီး ဖြစ်ပါသည်။ လွန်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ကျရောက်သော ဆောင်းရာသီကာလအတွင်း ပြည်သူ့ကျန်းမာရေးအတွက် မည်သို့ နေထိုင်စားသောက်ရမည်၊ မည်သို့သောရောဂါများ ဖြစ်ပွားတတ်သည်၊ ယင်းဖြစ်ပွားတတ်သောရောဂါများကို မည်သို့ပြုစု၊ ကုသရမည်ကို ရှင်းလင်းလွယ်ကူစွာ ရေးသားတင်ပြမည်ဖြစ်ပါသည်။

ယခုကျရောက်လျက်ရှိသော ဆောင်းရာသီကာလသည် လေးလကာလကြာရှည်ပြီး ဥတုအနေဖြင့် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာ ကာလကို ဟေမရတု၊ ပြာသိုလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ နှစ်လတာကာလကို သိသိရ ရတုဟု ခေါ်ဝေါ်ကြပါသည်။

ဟေမရတုကာလဖြစ်သည့် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလအတွင်း ကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေမငတ်ခြင်း(တစ်နည်းအားဖြင့် ရေသောက်နည်းခြင်း)၊ ချွေးထွက်နည်းခြင်း၊ ဆီးအရောင်ဖြူပြီး ကြည်လင်၍ ဆီးသွားသည့်ပမာဏများခြင်း၊ အစားအသောက်အအိပ်အနေနည်းခြင်း၊ ဝမ်းမှန်ခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ခေါင်းအုံခေါင်းကိုက်မဖြစ်ပေါ်ခြင်းစသည်တို့ဖြစ်ပြီး မကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေသောက်များခြင်း၊ ချွေးထွက်များခြင်း၊ ဆီးအရောင်မှာ အနီ၊ အဝါဖြစ်၍ ဆီးသွားသည့်ပမာဏနည်းခြင်း၊ အာခံတွင်းနံ့ထွက်ခြင်း၊ အအိပ်အနေ၊ အစားအသောက်များခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းအုံခေါင်းကိုက်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ဟေမရတုကာလတွင် ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ရမည့်အချက်များမှာ နံနက်စောစောနှင့် ညမိုးချုပ်နေဝင်ချိန်များတွင် ရေမချိုးမိရန်၊ ကျုံးရေ၊ မြောင်းရေ၊ ကန်ရေ၊ ဆည်ရေတို့ကို မသုံးမိစေရန်၊ လေတိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့် ပူ၊ ဆိမ့် ၊ ဖန်၊ ခါ း၊ စပ် အရသာရှိသော ဆေးနှင့်အစားအစာများ မစားမိစေရန်တို့ဖြစ်ပါသည်။

ဟေမရတုကာလတွင် ကျန်းမာစေရန်အတွက် ကျင့်ကြံဆောင်ရွက်ရမည့်အချက်များမှာ လုံခြုံနွေးထွေးစွာ နေထိုင်ရန် အချိန်ပေးပါ။ နေ့လယ်၊ နေ့ခင်းတွင် ခဏတစ်ဖြုတ်အိပ်ရန်၊ အဆီအဆိမ့်နည်းသော အစားအစာများနှင့် ချို၊ ဆိမ့်၊ ဖန်၊ အေး၊ ချဉ်၊ ငန်အရသာရှိသော ဆေးနှင့်အစားအစာများကို စားပေးရန်၊ ဟင်းသီးဟင်းရွက်အနေဖြင့် မန်ကျည်း၊ ကင်ပွန်း၊ မုန်လာစသည့်အသီးအရွက်များကို မန်ကျည်းနှစ်နှင့် စပ်၍ဖြစ်စေ၊ သရက်ပြား မရမ်းပြားစပ်၍ဖြစ်စေ၊ ချဉ်ရည်ဟင်းအဖြစ် မကြာခဏ ချက်စားပေးခြင်း၊ ရှောက်သီးသုပ်၊ သံပရာသီးသုပ်စားခြင်း၊ ရှောက်ဖျော်ရည် ၊ သံပရာဖျော်ရည်၊ မန်ကျည်းဖျော်ရည်တို့ကို သောက်ခြင်း၊ ကင်မလင်းရွက် ၊ မုန်လာရွက်၊ မုန်ညင်းရွက် ၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး ၊ ရှောက်သီး၊ သရက်သီး၊ ဇင်ပြွမ်းသီး၊ ကြက်ပေါင်သီး စသည်တို့နှင့် အခြား အေး၊ ငန်၊ ချဉ် အရသာရှိသော အစားအစာများ စားပေးခြင်း ၊ သား၊ ငါးများအနေဖြင့် ငါးသလဲထိုး ၊ ငါးနုသန်း၊ ငါးသံချိတ်၊ ငါးနုပ် ၊ ငါးမြွေတိုး၊ ငါးပတ်၊ ငါးမြင်း၊ ငါးလင်ပန်း၊ အသားအနေဖြင့် ဘဲသား ၊ ဝက်သား၊ ငန်းသားများကို မန်ကျည်း၊ သရက်ပြား၊ မရန်းပြား စသည်တို့နှင့်စပ်၍ဖြစ်စေ ချက်စားရန်ဖြစ်ပါသည်။

ဟေမရတုကာလတွင် မှီဝဲသင့်သော ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁)(သေမုပုတိက မက်လင်ချဉ် ချွဲသလိပ်ပုပ်ပျောက်ဆေး)ကို နံနက်နှင့် ည တစ်နေ့ နှစ်ကြိမ်နှုန်း ၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးဖြင့်သောက်ပေးရန် ဖြစ်ပါသည်။

သိသိရ ရတုကာလအတွင်း ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ကြရန် အချက်များမှာ နံနက်စောစောနှင့်မိုးချုပ်နေဝင်ချိန်များတွင် ရေမချိုးမိစေရန်၊ အင်း၊ အိုင်များမှ ရေများကို မသုံးမိဖို့၊ အဝတ်အစားရေစိုဖြင့် မနေမိစေရန်၊ အအေးမခံရန်၊ အေး၊ ငန် ၊ ချဉ်သော အရသာနှင့် ချို၊ ဆိမ့်၊ ဖန်သော အရသာများရှိသည့် အစားအစာများ ဝက်သား၊ ဘဲသားများ ရှောင်ရန်တို့ဖြစ်ပါသည်။

သိသိရ ရတုကာလအတွင်း ကျန်းမာစေရန် ကျင့်ကြံဆောင်ရွက်ရမည့်အချက်များမှာ မိမိခန္ဓာကိုယ်ကိုချွေးထွက်အောင် လှုပ်လှုပ်ရှားရှားပြုလုပ်ဖို့၊ နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ခြင်းစသည့် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖြင့် မိမိခန္ဓာကိုယ်ရှိ အကြောများလျော့အောင်ပြုပြင်ပေးရန်နှင့်နွေးနွေးထွေးထွေးနေရန်၊ ပူ၊ ခါး ၊ စပ်သော အစားအစာများကို စားပေးရန်တို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်အနေဖြင့် ကြောင်လျှာသီးကို အတို့မြုပ်လုပ်စား၍ဖြစ်စေ၊ ချက်စား၍ဖြစ်စေ၊ ကြက်ဟင်းခါးသီးကိုချက်စား၍ ဖြစ်စေ၊ ခွေးတောက်ရွက်ဟင်းချို၊ ဒန့်သလွန်ရွက်ဟင်းချိုတို့ကို သောက်ပေးရန်၊ ရဲယိုရွက်ကို မြုပ်တို့၍ဖြစ်စေ၊ ငါးခူနှင့်ချက်စား၍ဖြစ်စေ၊ အခွံပါရှောက်သီးကို ငရုတ်သီးစပ်စပ်နှင့် သုပ်၍ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ စားရန်နှင့် ကြက်သဟင်း ၊ ပိုးစာ ၊ ဥသျှစ်၊ ပျဉ်းတော်သိမ်၊ ပင်စိမ်းစသည်တို့ကိုလည်း သင့်လျော်သလို စားသုံးသင့်ပါသည်။ အသားအနေဖြင့် ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ချိုးသား ၊ ခါသား စသည်တို့ကို ငရုတ်သီး စပ်စပ်၊ မဆလာနိုင်နိုင်နှင့် ချက်စားရန်ဖြစ်ပါသည်။

**◆ ဟေမရတုကာလတွင် ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ရမည့်အချက်များမှာ နံနက်စောစောနှင့် ညမိုးချုပ်နေဝင်ချိန်များတွင် ရေမချိုးမိရန်၊ ကျုံးရေ၊ မြောင်းရေ၊ ကန်ရေ၊ ဆည်ရေတို့ကို မသုံးမိစေရန်၊ လေတိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့် ပူ၊ ဆိမ့်၊ ဖန်၊ ခါး၊ စပ်အရသာရှိသော ဆေးနှင့် အစားအစာများ မစားမိစေရန်တို့ ဖြစ်ပါသည်။**

သိသိရ ရတုကာလအတွင်း ပူ၊ ကန်၊ ပွင့်၊ ကြေစေသည့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၃)(ဆေးပုလဲကလာပ်ဆေး) ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်( ၂၅) (မတဲမြင့်မိုရ်ကုန်းဆေး) ကိုဖြစ်စေ နံနက်ည တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးနှင့် သောက်ရန် ဖြစ်ပါသည်။

ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများမှာဝမ်းချုပ်ခြင်း၊ ချမ်းဖျား ၊ တုန်ဖျားဖြစ်ခြင်း၊ နှာစေးချောင်းဆိုးဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။

ဝမ်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝမ်းမချုပ်စေရန် ၊ နံနက်တိုင်း ရေကို ဝအောင်သောက်ခြင်း၊ အအိပ်အထိုင်နည်းအောင်ပြုလုပ်ခြင်း၊ ဆီးသွားလိုခြင်း၊ ဝမ်းသွားလိုခြင်းတို့ကို အောင့်(ထိန်းချုပ်)မထားရန်တို့ကို သတိပြုဆင်ခြင်ရမည်ဖြစ်ပြီး ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း မန်ကျည်းဖျော်ရည် တစ်ခွက်သောက်ရန် ၊ ဝမ်းမှန်စေရန် ကင်ပွန်းရွက်ချဉ်ရည် သို့မဟုတ် ကန်စွန်းရွက်ကို မန်ကျည်းမှည့်နှင့် ချဉ်ဟင်းချက်စားခြင်း ပြုရပါမည်။ ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေး အမှတ် (၉)(ဆီးဒူလာဆေး )ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀)(ဆီးရှင်ဝမ်းနုတ်ဆေး)ကိုဖြစ်စေ၊ ညအိပ်ရာဝင်မှာ နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့်သောက်ရန်ဖြစ်ပါသည်။

ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းသည် ခန္ဓာကိုယ်ပြင်ပမှ အအေးဓာတ်များ ပတ်ဖွဲ့ထားပြီး အခိုးအာကာသ မရရှိဘဲ ခန္ဓာကိုယ်အတွင်း ငုပ်လျှိုးနေသည့် အဖျားမျိုးဖြစ်သဖြင့် ခန္ဓာကိုယ်ကို အခိုးအာကာသပွင့်စေမည့်ဆေးများဖြင့် ပြုစုကုသရမည်ဖြစ်ပါသည်။ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းအတွက် နံနက်ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၁၇) (သွေးဆေးနီကြီး) တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း) အနည်းငယ်ထည့်၍ အကြမ်းပန်းကန်နှစ်လုံး ပမာဏခန့် သောက်ရန်ဖြစ်ပြီး လေလုံသည့်နေရာတွင် အဝတ်ထူထူဝတ်စေလျက် စောင်ကို လုံခြုံစေကာ ချွေးဖြိုင်ဖြိုင်ထွက်အောင် ချွေးထုတ်ပေးရပါမည်။ (သတိပြုရန်မှာ ထွက်သော ချွေးများကို အဝတ်ပါးပါးဖြင့်သုတ်ပေးပြီး မိမိချွေးဖြင့် ပြန်အအေးမမိစေရန် ဖြစ်ပါသည်။)နေ့လယ်ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၅)(မတဲမြင့်မိုရ်ကုန်းဆေး) တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း)အနည်းငယ်ထည့်တိုက်ပေးပြီး နှာဆေးရှူပေးခြင်း၊ ကွမ်းရွက်သတ္တုရည်ကို မျက်စဉ်းအဖြစ် ခတ်ပေးခြင်းပြုရပါမည်။ ညနေဆေးအနေဖြင့် ညနေ ၅ နာရီခန့်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၅) (မတဲမြင့်မိုရ်ကုန်းဆေး) တစ်ပဲသားပမာဏကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်ပေးရန်ဖြစ်ပါသည်။ ဝမ်းချုပ်ပါက ညအိပ်ရာဝင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉)(ဆီးဒူလာဆေး) ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၀) (ဆီးရှင်ဝမ်းနုတ်ဆေး)ကို ဖြစ်စေ ညအိပ်ရာဝင်တွင် နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့် သောက်ပေးရန်ဖြစ်ပါသည်။

နှာစေးချောင်းဆိုးဖြစ်ခြင်းအတွက် နှာစေးပါက နနွင်းစစ်စစ်ကို ရေနှင့်ဆူအောင် ကျိုချက်ခြင်းမှ ထွက်လာသော ရေနွေးငွေ့ကို ရှူခြင်းပြုပေးရပါမည်။ နှာတံကို ပရုတ်ဆီနှင့်ဖြစ်စေ၊ ရေနံဆီနှင့်ဖြစ်စေ ပါးပါးလိမ်းပေးရပါမည်။ ဝေဒနာကို ပျောက်ကင်းလိုသောဆန္ဒဖြင့် လွန်ကဲစွာ မလိမ်းမိဖို့ လိုအပ်ပါသည်။ ထို့ပြင် မန်ကျည်း မှည့် ရှစ်ပဲသား၊ ဆားလေးပဲသားကို ရေထမင်းစားဇွန်းနှစ်ဇွန်း ပမာဏဖြင့်ဖျော်ပြီး မကြာခဏရှူပေးရန်ဖြစ်ပါသည်။

ချောင်းခြောက်ဆိုးပါက ဇဝက်သာနှင့် ကွမ်းရွက်တစ်ကျပ်သားစီကို ရောစပ်လျက် သုံးခွက်တစ်ခွက်တင်ကျိုကာ အကြမ်းပန်းကန်နှစ်လုံးပမာဏသောက်၍ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၄)(လေးညှင်းကလာပ်ဆေး) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး အမှတ် (၂၅) (မတဲမြင့်မိုရ်ကုန်းဆေး) ဆေးပမာဏ နှစ်ပဲသားခန့်ကို ထန်းလျက်ပြုတ်ရည်ဖြင့်သောက်ပေးရမည်ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၁) (သေမုပုတိက မက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး) နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်( ၂) (လေမျိုးရှစ်ဆယ်ဆေး)တို့ကို ဆတူရောစပ်ပြီး မကြာခဏ လျက်ပေးရန်ဖြစ်ပါသည်။

သတိပြုဆင်ခြင်ရမည့်အချက်အနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးများကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင်ဖြစ်စေ၊ ပရဆေးဆိုင်များတွင်ဖြစ်စေ၊ ရှာဖွေရယူပြီး (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ၊ ဓမ္မတာသွေးဆိုင်ရာ ဝေဒနာခံစားနေရသူအမျိုးသမီးများ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများသည်) တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်ပြီးမှ အသုံးပြုပါက ပိုမိုအကျိုးသက်ရောက်မှုရှိပေမည်။

ယခုတင်ပြခဲ့သော ဆောင်းရာသီတွင် ကျန်းမာရေးနှင့်ပြည့်စုံရန် နေထိုင်ကျင့်ကြံ စားသောက်ရမည့် အချက်များကို သိရှိခြင်းဖြင့် "အစာလည်းဆေး ဆေးလည်းအစာ"ဆိုသည့် စကားရပ်နှင့်အညီ ရာသီအလိုက် စားသုံးရမည့် အစားအစာများကို သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် ဖြစ်ပွားတတ်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ရောဂါများဖြစ်ပွားပါကလည်း ပြုစုကုသနည်းများ သိရှိခြင်းကြောင့် လိုအပ်သော ဆေးဝါးများကို မိမိကိုယ်တိုင် တစ်ပိုင်တစ်နိုင် ကြိုတင်ရှာဖွေစုဆောင်းထားရှိနိုင်သဖြင့် မိမိတစ်ကိုယ်ရေကျန်းမာရေးအတွက်သာမက မိမိမိသားစုအတွင်း၌ ဖြစ်စေ၊ မိမိပတ်ဝန်းကျင် အိမ်နီးချင်းမိသားစုများအတွက် တစ်ဆင့်ဖြန့်ဝေပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မရမ်းချောင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပြီး ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသရာတွင် တပ်နယ်မှူး ဗိုလ်မှူးကြီးကျော်ဇေယျ ဦးစီး၍ အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ မှ တပ်မှူးငွေစိုးထွန်းနှင့် ပါရဂူ၊ ဆရာဝန်၊ သူနာပြု ၁၃ ဦးနှင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဆရာဝန်၊ သူနာပြု စုစုပေါင်း ၁၇ ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တပ်နယ်မှူးက ဒသမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအတွက် အထူးထုတ်စာအုပ်များ၊ ဗလာစာအုပ်ဒါဇင် ၅၀ ၊ ဘောပင်အချောင်း ၁၅၀ နှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင် ၆၀ တို့အား ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှကြွယ်(မြန်/ဆက်)**

## ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရွှေပြည်တန် ပညာရေးကွန်ရက်မှ ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အာဟာရများကျွေးမွေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု သဲဖြူ အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းအတွက် ရွှေပြည်တန်ပညာရေးကွန်ရက်မှလှူဒါန်းသည့် ဆိုလာပြား၊ အင်ဗာတာနှင့် ဆက်စပ်ပစ္စည်းများကို ဆရာကြီး ဦးမျိုးဇော်သိန်းထံ ပေးအပ်သည်။

ဆက်လက်၍ ပညာရေးကွန်ရက် (CEO) ဦးသိန်းထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီတို့က ကျောင်းသား ကျောင်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများကို ပေးအပ် လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဒေါက်တာရဲညွန့်က ဦးသိန်းထွေးထံ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**



# လောင်းကစားမှုတွင် ပါဝင်ပတ်သက်သူ၊ မသမာသူများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

**နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာ ဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်**က လောင်းကစားကို အသက်မွေးဝမ်းကျောင်း တစ်ခုအဖြစ် လုပ်ကိုင်နေကြသည်ကို တွေ့ရပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ အတိအကျ ပြဋ္ဌာန်းထားသော်လည်း တရားဥပဒေအရ ထိရောက်စွာ ဟန့်တားနိုင်ခြင်းမရှိပါကြောင်း၊ တရားမဝင် လောင်းကစားဝိုင်းများ ပြောင်ပြောင်တင်းတင်း ရပ်တည်နိုင်ခြင်းမှာ လိုင်းကြေးများပေးပြီး အကာအကွယ်ယူ လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ကာစီနိုလောင်းကစားဝိုင်းများကို ဟန့်တားအရေးယူရန် မလွယ်ကူပါကြောင်း၊ ၎င်းတို့၏ နောက်ကွယ်တွင် အဖွဲ့အစည်းကြီးများ ရပ်တည်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အောက်ခြေက ဟန့်တားလုပ်ဆောင်နိုင်ခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်မှသာ လောင်းကစားဝိုင်းများ ပပျောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း**က မိမိတို့ပတ်ဝန်းကျင်၌ တရားမဝင်လောင်းကစားမှုများ ပေါ်များလာသည်ကို စဉ်းစားကြည့်ပါက ထိရောက်စွာ ဟန့်တားမှုကို ဆောင်ရွက်ရသော ရဲဝန်ထမ်းများ၏ အားနည်းချက်နှင့် မပြေလည်မှုကို အသုံးချပြီး စီးပွားရေးလုပ်စားကြသည့် စီးပွားရေးသမားများကြောင့် ဖြစ်ပါကြောင်း၊ ထိရောက်စွာ ဆောင်ရွက်ရသည့် ရဲဝန်ထမ်းအရေအတွက်ကို ပြည့်စုံအောင် ခန့်ထားပေးရန်လိုအပ်ပါကြောင်း၊ ရဲဝန်ထမ်းများတွင်လည်း အဆင့်ဆင့်သော အဖြတ်အတောက်များ၊ ညှော်ခံစရိတ်များ၊ လက်ဆောင် ကန်တော့ကြေးများကို ရှာဖွေကြရသော အလေ့အထနှင့် အစဉ်အလာကို ပပျောက်သွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ငွေကြေးဖြင့် ဆောင်ရွက်ရသော ရဲလုပ်ငန်းများကိုလည်း ငွေကြေးဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် စီစဉ်ပေးရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ဖားကန့်မဲဆန္ဒနယ် မှ ဦးတင့်စိုးနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့ကလည်း အဆိုနှင့် စပ်လျဉ်း၍ ထောက်ပြဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ဖြင့် လောင်းကစားမှုများ လျော့နည်းပပျောက်ရေးအတွက် စီမံချက်များ ရေးဆွဲ၍ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ နှစ်လုံးထီ၊ ဖဲ၊ ဂျင်အပါအဝင် အခြားလောင်းကစားမျိုးစုံတို့ကို ဖမ်းဆီးခဲ့ရာ ၂၀၁၃ ခုနှစ်က ၃၅၈၀ မှု၊ တရားခံ ၆၇၉၁ ဦး၊ ၂၀၁၄ ခုနှစ်က ၂၅၆၁ မှု၊ တရားခံ ၅၆၆၈ ဦး၊ ၂၀၁၅ ခုနှစ်က ၂၁၁၄ မှု၊ တရားခံ ၅၂၉၀ ဦး၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ ၂၇၆၈ မှု၊ တရားခံ ၆၃၁၇ ဦး ဖမ်းဆီးရမိခဲ့ပါကြောင်း။

မိမိတို့တာဝန်ယူထားသည့် နယ်မြေများအတွင်း အထက်ဌာနများမှ ဖွဲ့စည်းထားသည့် ဖမ်းဆီးရေးအဖွဲ့များက ဝင်ရောက်ဖမ်းဆီးရမိပါက တာဝန်ရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး၊ နယ်ထိန်းအရာရှိနှင့် နယ်မြေတာဝန်ခံ နယ်ထိန်းတပ်ဖွဲ့ဝင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်က အရာရှိ ၁၂၄ ဦး၊ အခြားအဆင့် ၃၅ ဦး၊ ၂၀၁၄ ခုနှစ်က အရာရှိ ၁၁၇ ဦး၊ အခြားအဆင့် ၃၉ ဦး၊ ၂၀၁၅ ခုနှစ်တွင် အရာရှိ ၉၃ ဦး၊ အခြားအဆင့် ၃၃ ဦး၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ အရာရှိ ၁၁၄ ဦး၊ အခြားအဆင့် ၄၉ ဦး စုစုပေါင်း အရာရှိ ၄၄၈ ဦးနှင့် အခြားအဆင့် ၁၅၆ ဦးတို့ကို အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး၌ တရားမဝင်လောင်းကစားမှုများ လျော့နည်းပပျောက်စေရေးအတွက် သတင်းထောက်လှမ်းခြင်း၊ ကြိုတင်ကာကွယ်နှိမ်နင်းခြင်း၊ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ တရားစွဲတင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာမြို့နယ်တရားရုံးက ချမှတ်ထားသည့် ပြစ်ဒဏ်များသည် ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိခြင်း၊ တရားသေ၊ တရားရှင် လွှတ်ခြင်းများနှင့်ပတ်သက်၍ စိစစ်ပြီးပြင်ဆင်မှု၊ အယူခံမှုများကို အဆင့်မြင့်တရားရုံးများသို့ ဥပဒေနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ လောင်းကစားမှုတွင် ပါဝင်ပတ်သက်သူ၊ မသမာသူများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ပြန်လည်ရှင်းလင်းမှုအပြီး အဆိုရှင် ဒေါ်မာမာခိုင်၏ သဘောထားကို မေးမြန်းရာ မှတ်တမ်းတင် စောင့်ကြည့်ပေးရန် တင်ပြသည့်အတွက် လွှတ်တော်က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မြန်မာနိုင်ငံရှိ ရဲဘက်စခန်းများကို ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍လည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လက်ရှိအကျဉ်းဦးစီးဌာနအောက်တွင် အကျဉ်းထောင် ၄၆ ခု ရှိပါကြောင်း၊ အကျဉ်းသားဝင်ဆံ့မှုမှာ ၄၄၄၁၁ ဦးဖြစ်ပြီး လက်ရှိ အကျဉ်းသားနှင့် အချုပ်သားဦးရေမှာ ၇၄၈၉၃ ဦးရှိသည့်အတွက် အကျဉ်းထောင်ဝင်ဆံ့မှုထက် ကျော်လွန်နေပါကြောင်း၊ ပိုနေသည့် အကျဉ်းသားများကို စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများ၌ ထားရှိပါကြောင်း။

၂၀၀၄ ခုနှစ်တွင် စိုက်ပျိုးမွေးမြူရေး အလုပ်စခန်း ၃၆ ခုအနက် ၂၉ ခုကို ချန်ထားပြီး စိုက်ပျိုးမွေးမြူရေးစခန်းနှင့် ကုန်ထုတ်စခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါကြောင်း၊ ယင်းစခန်းများကို ၂၀၁၃ ခုနှစ်က စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ထပ်မံဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ စခန်းပေါင်း ၃၀ ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်တွင် ရဲဘက်စခန်းများမရှိတော့ဘဲ အကျဉ်းထောင်များ၌ အကျဉ်းသားများအား လူဦးရေကျပ်တည်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အကျဉ်းသားများကို ပြစ်ဒဏ်ပေး အကျဉ်းချထားရန် သက်သက်မဟုတ်ဘဲ စာရိတ္တပြုပြင်ရေးရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးနိုင်ရန်နှင့် ပြစ်ဒဏ်မှ လွတ်မြောက်သောအခါ ဘဝရပ်တည်မှုအတွက် အသက်မွေးပညာရပ်များ တတ်မြောက်စေရန်တို့အတွက် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားသော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများသာ ရှိပါကြောင်းနှင့် အဆိုပါစခန်းများကို ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍လည်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

# ၂၀၁၆ - ၂၀၁၇ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၆၂၈၁ ဒသမ ၉၅၆ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော်တင်း၏ **ပလက်ဝမြို့နယ် ကျီးလေကျေးရွာအုပ်စု ကျီးလေကျေးရွာ-ရွာချင်းဆက် ကြိုးတံတားနှင့် မီးဇာကျေးရွာအုပ်စု ဥသလင်းဝကျေးရွာ - ရွာချင်းဆက် ကြိုးတံတားနှစ်စင်းတို့ကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ချင်းပြည်နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၆၂၈၁ ဒသမ ၉၅၆ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပလက်ဝမြို့နယ် ကျီးလေကျေးရွာအုပ်စု ကျီးလေကျေးရွာ ရွာချင်းဆက်(ဟောင်းနွမ်း) ကြိုးတံတားအသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေတွင်လည်းကောင်း၊ မီးဇာကျေးရွာအုပ်စု ဥသလင်းဝကျေးရွာ ရွာချင်းဆက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

(ဟောင်းနွမ်း) ကြိုးတံတားအသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လည်းကောင်း လျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ငန်းဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) မှ ဦးညီစိန်၏ **မူဆယ်မြို့နယ် ၁၀၅ မိုင်ကျေးရွာအုပ်စု၌ နယ်စပ်ကုန်သွယ်ရေးဇုန်တိုးချဲ့ဆောက်လုပ်ရန် သတ်မှတ်မြေနေရာ (အကျယ်အဝန်း ၁၀၅ ဒသမ ၇၀ ဧက) အတွက် ကျသင့်တန်ဖိုးငွေ ချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သည် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီး လားရှိုး - မူဆယ်-ကျူကုတ် လမ်းဆုံ၌ တည်ရှိပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပမာဏအများဆုံး ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ ကုန်သွယ်ရေးဇုန်ဖြစ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဦးဆောင်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ ပါဝင်သောအဖွဲ့ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် မေးခွန်းပါ ၁၀၅ ဒသမ ၇ ဧကသည် ယခင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ဒုတိယအဆင့် ပွဲရုံမြေကွက် ၉၁ ကွက် ဖော်ထုတ်ရန် ကျန်ရှိသောမြေဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေမရရှိသည့်အတွက် ယာယီဆိုင်းငံ့ထားသော မြေဖြစ်ပါကြောင်း၊ ၂၀၀၅ ခုနှစ် မြေသိမ်းအမှုတွဲ ဖွင့်လှစ်ဆောင်ရွက်စဉ်က ယင်းမြေပေါ်၌ စိုက်ပျိုးလုပ်ကိုင်နေသူများကို နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာလျော်ကြေးများပေးအပ်ခဲ့ပြီး မြေယာစွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးထားသည့် မှတ်တမ်းများလည်း ရှိပါကြောင်း။

ထို့ကြောင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် တည်ဆောက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကုန်သွယ်ရေးဇုန်မြေအဖြစ် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်ရယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ရမည့် ဒုတိယအဆင့်စီမံကိန်းများ စတင်ဆောင်ရွက်ချိန်တွင် ကျသင့်တန်ဖိုးငွေပေးချေရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအေးဗိုလ်၏ **လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းကို ကျောင်းဖွင့်ကာလအစား နွေရာသီကျောင်းပိတ်ကာလတွင် ပြောင်းလဲဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီများမှ ကျောင်း၏ အရည်အသွေးခိုင်ခံ့မှုကို အာမခံပေးနိုင်မှု ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာကျောင်းများအတွက် ကျောင်းဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ကျောင်းပိတ်ကာလ သုံးလဖြစ်သော မတ်၊ ဧပြီနှင့် မေလတို့တွင် ဆောက်လုပ်ရမည်ဆိုပါက အခက်အခဲနှင့် အဆင်မပြေမှုများရှိနိုင်ခြင်း၊ ဘဏ္ဍာရေးနှင့် စာရင်းစစ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့အရ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ ဆောက်လုပ်သော ကျောင်းဆောင်များ၏ အရည်အသွေးကောင်းမွန်မှု၊ ခိုင်ခန့်မှု၊ အာမခံမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ၎င်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် အရည်အသွေးစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေအတွက် တာဝန်ယူ၍ အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးနိုင်ရေးတို့အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ အမျိုးသားမှတ်ပုံတင်ဆိုင်ရာ မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦးတို့က အကြံပြုဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး၏ **နိုင်ငံတော်၏**

*စာမျက်နှာ ၁၁ ကော်လံ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် နေပြည်တော်မြို့တော်ဝန် ဒေါက်တာမျိုးအောင်တို့ ဒီဇင်ဘာ ၉ ရက်က နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း Smartcard National Electronic ID(NEID) အထောက်အကူပြုစာရင်း ကောက်ယူခြင်း လုပ်ငန်းရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်
(သတင်းစဉ်)

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ပညာပေးပြခန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၁၀ ရက်က တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးသယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့နှင့်အတူ ကော့သောင်းမြို့က အမြန်ရေယာဉ်ဖြင့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သို့ သွားရောက်၍ ဒီရေတောများအား ကြည့်ရှုပြီး အီတလီနိုင်ငံ၊ Istituto Oikos အထောက်အပံ့ဖြင့် ဆောက်လုပ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ပညာပေး ပြခန်းအား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန်ကျဉ်းပင်ဆောင်ကျွန်းရှိ နီနိုပုလဲမွေးမြူ ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်နေသည့် ပြည်တွင်းဖက်စပ် ပုလဲမွေးမြူရေးလုပ်ငန်းတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်နှင့် မှတ်ကောင်များ မွေးမြူထားသည့် ရေပြင် ညစ်ညမ်းမှုမရှိရန် မှာကြားသည်။

ထို့နောက် ပုလဲကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်ဆင့် ကို ကြည့်ရှုစစ်ဆေးပြီး ပုလဲကျွန်းရှိ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကုမ္ပဏီများမှ ပုလဲမွေးမြူထုတ်လုပ်ရေး လုပ်ကိုင်နေခြင်းနှင့် ပတ်သက်၍ ဇင်ယော်ကျွန်း၌ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်၊ ဒိုမယ်ကျွန်း၌ မြန်မာတာဆာကီ ကုမ္ပဏီနှင့် မီးသွေးကျွန်း၌ အဏ္ဏဝါပုလဲကုမ္ပဏီတို့မှ ဆောင်ရွက်နေသည့်လုပ်ငန်းများကို စစ်ဆေးခဲ့သည်။

ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ဟိန္ဒားသတ္တုမိုင်းသို့ သွားရောက်၍ မြန်မာပွန်ပီပက်ကုမ္ပဏီက ခဲမဖြူနှင့် အဖြိုက်နက် တူးဖော်နေသည့် လုပ်ငန်းခွင်အားစစ်ဆေးပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး၊ ရေဆိုးသန့်စင်စနစ် ကောင်းမွန်ရေး နှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများ အလေးထားဆောင်ရွက် ရေးတို့ကို မှာကြားသည်။ ယင်းနောက် ထားဝယ်မြို့ မြို့တော် ခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA/TNLA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား၊ လက်နက်ကိုင်အဖွဲ့များအခြေပြုနေသည့် စခန်းတောင်ကုန်းကို သိမ်းပိုက်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများသည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲခန့်က နမ္မတူမြို့၏ မြောက်ဘက် ၁၆ မိုင်ခန့်သို့အရောက် တောင်ကုန်းများတွင် နေရာယူထားသည့် KIA/ TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၁၄၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ လက်နက်ကိုင်ပူးပေါင်းအဖွဲ့က လက်နက် ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်မှလေကြောင်းပစ်ကူပေး၍ ပြန်လည်တိုက်ခိုက်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် လက်နက်ကိုင်အဖွဲ့များသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါထိတွေ့မှုဖြစ်စဉ်အတွင်း တပ်မတော်မှစစ်သည်တစ်ဦး ကျဆုံးပြီး စစ်သည်တချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ လက်နက်ကိုင်အဖွဲ့များအခြေပြုနေသည့် စခန်းတောင်ကုန်းကို တပ်မတော်က သိမ်းပိုက်ရရှိခဲ့သည်။

**(သတင်းစဉ်)**



# TNLA လက်နက်ကိုင်အဖွဲ့က ဖုန်းဖြင့် ဆက်ကြေးတောင်း၊ လူသစ်စုဆောင်းမှုကြောင့် ပြည်သူများတိမ်းရှောင်နေရ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့ရှိ ပွဲရုံများအား TNLA လက်နက်ကိုင်အဖွဲ့က ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ၎င်းတို့အဖွဲ့ကို အခွန်ပေးဆောင်ရမည်ဟု ဖုန်းဖြင့် ပြောကြား ခဲ့ကြောင်း၊ ထို့အတူ ဒီဇင်ဘာ ၁၂ ရက် ည ၁၁ နာရီခန့်က လည်း ပွဲရုံတစ်ရုံလျှင် ဆက်ကြေး ၁၅ သိန်းစီ ပေးဆောင်ရန်နှင့် လာရောက်ပေးဆောင်ရမည့် နေ့ရက်၊ နေရာကို ပြန်လည် ဆက်သွယ်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

TNLA လက်နက်ကိုင်အဖွဲ့များသည် ဒီဇင်ဘာ ၁၁ ရက် ညပိုင်းက ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာသို့ ဝင်ရောက်၍ ကျေးရွာသား ၂၀ ဦးကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လူသစ်စုဆောင်းမှုကြောင့် ကျေးရွာအတွင်းရှိ အိမ်ထောင်စု များသည် ကျောက်မဲမြို့ ရပ်ကွက်(၈)ရှိ ဓမ္မစကူးလ်ဓမ္မာရုံသို့ တိမ်းရှောင်ခဲ့ရာ ယနေ့အထိ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၆၄ ဦး တိမ်းရှောင်တည်းခိုလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မုံးကိုးမြို့အတွင်း မပေါက်ကွဲသေးသည့် ဗုံးသီးလေးလုံးနှင့် လေယာဉ်ဗုံးသီးတစ်လုံးတွေ့ရှိ ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့အတွင်း တပ်မတော်စစ်ကြောင်းများက မပေါက်ကွဲသေးသည့် ဗုံးသီးများကို ရှာဖွေရှင်းလင်းလျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က မပေါက်ကွဲသေးသည့် ၆၀ မမ ဗုံးသီး လေးလုံးနှင့် လေယာဉ်ဗုံးသီး တစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ဗုံးသီးများမှာ မုံးကိုးမြို့ ရပ်ကွက်(၃)အတွင်းမှ ၆၀ မမ ဗုံးသီးတစ်လုံး၊ ရပ်ကွက်(၅)အတွင်းမှ ၆၀ မမ ဗုံးသီး သုံးလုံးနှင့် လေယာဉ်ဗုံးသီး တစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှ မိုင်းရှင်းလင်း ရေးအဖွဲ့ဖြင့် စနစ်တကျ သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုက်ပွဲရှောင်ဒေသခံပြည်သူများ မုံးကိုးမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်မှုများကို ဆက်လက်စိစစ်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် KIA/ TNLA/ MNDAA/ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ လုပ်ရပ်များကြောင့် ဒေသခံ ပြည်သူများ နေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင်နေထိုင်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခန့်မှစတင်၍ မုံးကိုးမြို့ နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင် သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးလက်ခံလျက်ရှိသည်။

ထိုသို့ လက်ခံစိစစ်ဆောင်ရွက်ရာတွင် ယမန်နေ့က မုံးကိုးမြို့ရှိ ရပ်ကွက် အသီးသီး နှင့် ကျေးရွာများမှ အိမ်ထောင်စု ၂၅၈ စု၊ ကျား ၆၄၄ ဦး၊ မ ၆၆၈ ဦး စုစုပေါင်း ၁၃၁၂ ဦးကို စိစစ်လက်ခံခဲ့ပြီး ယမန်နေ့ကအထိ အိမ်ထောင်စု ၁၂၅၄ စု၊ ကျား ၂၄၃၈ ဦး၊ မ ၂၇၉၀ စုစုပေါင်း ၅၂၂၈ ဦးတို့ကို စိစစ်လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားတွင် ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များကို မှတ်ပုံတင်ပြုလုပ်ပေးမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မော်တော်ဆိုင်ကယ် များ၊ ဘက်ထရီအသုံးပြုသည့် ဆိုင်ကယ်များနှင့် သုံးဘီး ဆိုင်ကယ်များကို ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဒီဇင်ဘာ ၁၅ ရက်မှစ၍ မှတ်ပုံတင်များ ပြုလုပ်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

"မှတ်ပုံတင်ပြုလုပ်ပေးမှာကတော့ ပြည်နယ် မိုးလုံလေလုံအားကစားကွင်းမှာ ရုံးဖွင့်ရက်တွေအတွင်း နေ့စဉ်နံနက် ၉ နာရီကနေ ညနေ ၄ နာရီခွဲအထိ ဒီဇင်ဘာ ၁၅ ရက်ကစပြီး ၂၀၁၇ မတ်လ ၁၅ ရက်အထိ ပြုလုပ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဆိုင်ကယ်မှတ်ပုံတင် ပြုလုပ်ပေးတဲ့နေရာမှာ တစ်စီးချင်းအလိုက် အကောက်ခွန်သတ်မှတ်တန်ဖိုးရဲ့ ငါးရာခိုင်နှုန်း၊ ကုန်သွယ် လုပ်ငန်းခွန် သတ်မှတ်တန်ဖိုးရဲ့ ငါးရာခိုင်နှုန်း၊ ကညန အခွန် ကျပ် ၃၂၄၀၀၊ အာမခံ ၂ နှစ်ကာလ ကျပ် ၄၂၀၀၊ ဘဏ်ဆောင်ရွက်ခ ကျပ် ၅၅၀၊ စည်ပင်အခွန် ကျပ် ၃၀၀၀၊ ဒဏ်ကြေးငွေ(ပြည်နယ်အစိုးရ) ၁၀ ရာခိုင်နှုန်း တို့ကို ပေးသွင်းရမှာဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးအေးမောင်ကြည် က ပြောကြားသည်။

ဆိုင်ကယ်များကို မှတ်ပုံတင်ပြုလုပ်ရာတွင် တရုတ် နိုင်ငံထုတ်၊ ထိုင်းနိုင်ငံထုတ်နှင့် ဂျပန်နိုင်ငံထုတ် စသည့် နိုင်ငံအလိုက်နှင့် ဆိုင်ကယ်မော်ဒယ်အလိုက် ဆိုင်ကယ် တစ်စီးလျှင် အနိမ့်ဆုံး ကျပ် ခြောက်သောင်းကျော်မှ အမြင့်ဆုံး ကျပ် တစ်သိန်းခွဲဝန်းကျင်အထိ ပေးသွင်းရ မည်ဖြစ်ပြီး မြစ်ကြီးနားခရိုင်အပြင် ဗန်းမော်၊ ပူတာအိုနှင့် မိုးညှင်းခရိုင်များ၌လည်း ဆိုင်ကယ်၊ ဘက်ထရီ ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များ မှတ်ပုံတင်ပြုလုပ် ပေးခြင်းကို ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# နမ့်ခမ်း - မူဆယ်ပြည်ထောင်စုလမ်း၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နောင်ခန်ကျေးရွာအဝင် အိုရီယန်တယ်လ် တိုးဂိတ်အကြား၊ နမ့်ခမ်း - မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၉၆/၃-၄ အကြား လမ်းဘေးတောင်စောင်းတွင် TNLA လက်နက်ကိုင်အဖွဲ့က ထောင်ထား သော မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန်၊ မော်တော်ယာဉ်များ ထိခိုက်ဒဏ်ရာရရှိ ခဲ့မှု မရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအနီးတစ်ဝိုက်ကို လိုက်လံရှင်းလင်း လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မီးလောင်လျှင်

**(၁) ထွက်မပြေးပါနှင့်စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။**
**(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။**
**(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။**
**(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။**
**(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများအချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။**

မီးသတ်ဦးစီးဌာန



မောင်တောမြို့အတွင်း အေးချမ်းတည်ငြိမ်စွာ လှုပ်ရှားသွားလာနေကြသည်ကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်

# မောင်တောခရိုင်၌ ထုတ်ပြန်ထားသည့် ပုဒ်မ ၁၄၄ ကို ထပ်မံ၍ ပြင်ဆင်ထုတ်ပြန်ထား

**မောင်တော ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ (ကျီးကန်းပြင်)၊ ငါးခူရနယ်မြေရုံး၊ ကိုးတန်ကောက်ရဲကင်းစခန်းတို့ကို အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် မောင်တောခရိုင်အတွင်း ဒေသပိုမိုတည်ငြိမ်အေးချမ်းရေးအတွက် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူများစုဝေးခြင်းမပြုရန်နှင့် ည ၇ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်ကို ဒီဇင်ဘာ ၉ ရက်မှစ၍ နှစ်လပြည့်မြောက်သည့်နေ့အထိ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အရ ထပ်မံ၍ ပြင်ဆင်ထုတ်ပြန်ထားကြောင်း သိရသည်။

အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုမဖြစ်ခင်က ည ၁၁ နာရီမှ နံနက် ၄ နာရီအထိနှင့် ပြဿနာဖြစ်ပွားပြီးနောက် ည ၆ နာရီမှ နံနက် ၆ နာရီအထိကို ညမထွက်ရအချိန်အဖြစ် သတ်မှတ်ထားခဲ့ကြောင်း သိရသည်။

ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်ပါက မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီး ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အရ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ ဒဏ်ငွေကျခံရနိုင်ကြောင်း သိရသည်။

**ဇေယျာ(မိုင်ရာ)**



# စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်

**စစ်တွေ ဒီဇင်ဘာ ၁၄**

စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးကြပ်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) နှင့် Mercy ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့၏ အကောင်အထည်ဖော်ဆောင်ရွက်သော စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား (အသစ်) သင်တန်းဖွင့်ပွဲကို စစ်တွေမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးဌာနမှူး ဒေါက်တာသီဟအောင် တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ်အထူးစီမံချက် မန်နေဂျာ ဦးမောင်မောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဒေသခံများ တက်ရောက်မည်ဖြစ်ပြီး ၎င်းတို့ကို နှစ်နေရာခွဲ၍ မင်းဂံဒေသန္တရကျန်းမာရေးဌာနနှင့် ဒါးပိုင်ကျေးလက်ကျန်းမာရေးဌာနတို့၌ သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၃ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများသည် သင်တန်းတက်ရောက်ပြီးပါက အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲကာ စာရင်းကောက်ယူခြင်း လုပ်ငန်းများနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် Mercy အဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ညေစော**

# မောင်တောဒေသ၌ လက်လုပ်မိုင်းများ တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် မယင်းတောင်နှင့် မျောတောင်အကြား နယ်မြေရှင်းလင်းစဉ် မြေကြီးအတွင်း မြှုပ်ထားသော အသက်သွင်းပြီး ကားပင်စတင်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံး၊ 3K 70 AHC ဘက်ထရီတစ်လုံးနှင့် ဆေးမျိုးစုံထည့်ထားသည့် ဆာလာအိတ်တစ်ထုပ်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**တွေ့ရှိရသည့် မိုင်းနှင့် ဆက်စပ်ပစ္စည်းများ**





အလားတူ မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာ အနီးပတ်ဝန်းကျင် ချုံအတွင်းဝှက်ထားသော မိုင်းပြုလုပ်ရာတွင် အသုံးပြုမည့် ကားပင်စတင် ၁၀ လုံး၊ ကားပင်စတင်ဖြင့် ပြုလုပ်ထားသည့် အသက်သွင်းပြီး မိုင်း နှစ်လုံးနှင့် ပတ်တီးလိပ် ၁၃ ထုပ်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | မိုသျှန်း | ဖတ်လိုက်ကြစို့ | ၁၀၀၀ | ရွှေပေစာအုပ်တိုက် |
| ၂။ | စိမ့်စမ်းဖြူ | မိုးမခအလွမ်း | ၂၅၀၀ | SMART စာပေ |
| ၃။ | မိချမ်းဝေ | ကမာရင်ကွဲနဲ့ အခြားပင်လယ်ဝတ္ထုတိုများ | ၂၀၀၀ | မှူဝံစာပေ |
| ၄။ | ပါမောက္ခဦးမြင့်စော(ငြိမ်း) | သံဝေဂယူဖွယ် မြေမြတ်မဟာ | ၃၀၀၀ | မှူဝံစာပေ |
| ၅။ | ဦးမောင်မောင်ညွန့် | ရှေ့နေလိုက်ပါသူများအက်ဥပဒေ | ၁၀၀၀ | ခရေဖူးစာပေ |
| ၆။ | ဒေါက်တာခင်မောင်လွင် | ရေနိုင်ငံရေး | ၂၅၀၀ | SMART စာပေ |
| ၇။ | သန်းဝင်းလှိုင် | ဒုတိယကမ္ဘာစစ်မှတ်တမ်း | ၂၂၀၀ | အိပ်မက်အသစ်စာပေ |
| ၈။ | ဇင်မျိုး-မြန်မာပြန် | တရုတ်လူ့အဖွဲ့အစည်းကို ဩဇာအလွန်ညောင်းသူ ကွန်ဖြူးရှပ် | ၈၀၀ | စိတ်ကူးချိုချို |
| ၉။ | ဦးထွန်းဖေ (ဖဆပလဝန်ကြီးဟောင်း) | အဘယ့်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရသလဲ (ဘာကြောင့်ကျွန်တော်နုတ်ထွက်ရသလဲ) | ၃၂၀၀ | စိတ်ကူးချိုချို |
| ၁၀။ | မောင်စင်ကြယ် | လေထီးဆင်းသမ္မတကြီး မန်းဝင်းမောင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၁။ | | ၂၀၁၄ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ | ၁၀၀၀ | ခရေဖူးစာပေ |
| ၁၂။ | ဝေလွင်မောင် | နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၃။ | ဗန်းမော်တင်အောင် | အနုစကြဝဠာနှင့်မဟာစကြဝဠာ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၄။ | MA Thida | PRISONER OF CONSCIENCE | ၂၆၀၀ | |
| ၁၅။ | လှကျော်ဇော | ဆင်းရဲခြင်းလွတ်ကင်းအောင်နှင့် ဘဝအတွေ့အကြုံစာစုများ | ၂၀၀၀ | နေရီရီစာပေ |
| ၁၆။ | လွန်းထားထား (ဆေးတက္ကသိုလ်) | သူ့ပခုံးထက်က တက်တူးလေး | ၂၅၀၀ | တံခွန်တိုင်စာပေ |
| ၁၇။ | မင်းရိုးယဉ် | ကိုတံငါရေချိုးအင်း-ရသစုံဝတ္ထုတိုများ | ၁၈၀၀ | ကောင်းထွဋ်စာပေ |
| ၁၈။ | ဒေါ်အောင်ဆန်းစုကြည် | ဒီမိုကရေစီဆိုင်ရာလူငယ်ပညာပေး ဟောပြောချက်များ | ၁၀၀၀ | ဂျာနယ်လစ်စာပေ |
| ၁၉။ | ဦးဖေသိန်း | ရွှေဥဒေါင်း(ဆရာကြီးရွှေဥဒေါင်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၂၀၀၀ | သဟဇာတစာပေ |
| ၂၀။ | မောင်ဝဏ္ဏ | ဒုက္ခကိုမြိန်ရေရှက်ရေခံစားနေသော | ၃၀၀၀ | ငါတို့စာပေ |
| ၂၁။ | အရှင်မနောဟရ (မြစကြာ) | စာကြည့်တိုက်သမားရဲ့စကားလက်ဆောင် | ၂၀၀၀ | စာနဒီစာပေ |
| ၂၂။ | The Key | စာစဉ် (၄၇) ဖရန့်ခ် လွိုက်ဒ်ရိုက်ထ် | ၁၅၀၀ | the key collection |
| ၂၃။ | The Key | စာစဉ် (၄၈) မာရီ အန်တွိုင်းနက် | ၁၅၀၀ | the key collection |
| ၂၄။ | ဝဏ္ဏမာလာ | ခေတ်သစ်ဇီဝက ကုထုံးနှင့်ပျောက်စေဆရာ | ၃၀၀၀ | ဂန္ထဝင်ပညာအိမ် |
| ၂၅။ | ကလောင်စုံ | တကယ်လုပ်နိုင်တယ် | ၂၈၀၀ | စာပေခရီးသွားစာပေ |
| ၂၆။ | ဗန်းမော်သိန်းဖေ | ဂျက်မားနှင့် အလီဘာဘာ | ၂၅၀၀ | ပဥ္စဂံစာပေ |
| ၂၇။ | ကိုလေး(၇၄) | လူညံ့ရွေးတာတော်ပြီး လူတော်ရွေးတာညံ့နေလို့မဖြစ်ပါ | ၂၅၀၀ | သင်းစာပေ |
| ၂၈။ | Peter Kap | အခြေခံဂီတသီအိုရီ | ၃၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၉။ | | မြတ်ဗုဒ္ဓပရိတ်တော်များနှင့် တန်ခိုးထက်မြတ်သော ဂါထာတော်များ | ၂၅၀၀ | စာပေလောက |
| ၃၀။ | ကျွန်းစဉ်မြေစောခက် | တွင်းကောက်ရှာသောမြွေများနှင့်အခြားဘဝ ရသဝတ္ထုတိုများ | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၃၁။ | အံ့မောင် | ကဗျာဝိုင်းနှင့်ရွတ်ဆိုဆရာ | ၂၀၀၀ | စိမ်းရောင်စုံစာပေ |
| ၃၂။ | သန်းလွင်(CEO ) | ရေကြောင်းအင်ဂျင်နီယာဖြစ်ရတာကျေနပ်တယ် | ၃၀၀၀ | Ocean Blue စာပေ |
| ၃၃။ | နိုင်ပန်းသာ | မွန်လူမျိုးတိမ်ကောခြင်းနှင့် ပြန်လည်ရှင်သန်လာခြင်း | ၁၅၀၀ | သင်းစာပေ |
| ၃၄။ | ဦးကျော်လင်း | ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ခေတ်မီကွန်ကရစ်နည်းပညာ | ၃၇၀၀ | ရွှေကုံ့ကော်စာပေ |
| ၃၅။ | သက်အောင် | စက်ဖြတ်ခရီးသည် | ၃၀၀၀ | ဓမ္မအလင်းအိမ်စာပေ |
| ၃၆။ | မလေး | မီရှယ်ဖူးကိုး၏လိင်သဘာဝသမိုင်း | ၃၅၀၀ | ဝါးလည်စာပေ |
| ၃၇။ | ထွန်းမြင့်(မာန်အောင်) | ရင်ထဲကညေဝတီ | ၂၀၀၀ | အဝေရာစာပေ |
| ၃၈။ | နတ်ရွာမိုး | ဂေါ်လီ | ၁၈၀၀ | အောင်မြင်စာပေ |
| ၃၉။ | ကြည်ဝင်း | မချမ်းဘောမြို့ဝင်တောလားနှင့် အခြားဝတ္ထုတိုများ | ၃၀၀၀ | ရှင်မတောင်စာပေ |
| ၄၀။ | ဆရာဦးခန့်ကျော် | အယူတော်မင်္ဂလာပညာနိဒါန်း | ၁၀၀၀ | ခန့်ကျော်စာပေ |
| ၄၁။ | ကျော်စူးသစ်၊ ရှင်ငြိမ်းသာ၊ မိုးချွန် | မော်ဆရာလက်ရေး | ၁၅၀၀ | ခေတ်ပင်လယ်စာပေ |
| ၄၂။ | ကိုးခါး(ကွမ်းခြံကုန်း) | ရေနွေးဖန်ဖန်၊ရေချိုချို | ၂၅၀၀ | ရန်အောင်(၂)စာပေ |
| ၄၃။ | ခွန်လှိုင်း(မြန်မာပြန်) | ကိုးကန့်သမိုင်းထဲကယန်မျိုးနွယ် | ၃၀၀၀ | ယဉ်မျိုးစာပေ |
| ၄၄။ | ကာတွန်းဝိဇ္ဇာ | လမင်းသုံးဆင့်စံအိမ် | ၂၅၀၀ | အောင်မြင်စာပေ |
| ၄၅။ | လှိုင်ထွန်းနိုင် | ဇင်အရှုံးရိုကန်ဇင်ကဗျာများ | ၂၅၀၀ | ဝါးလည်စာပေ |
| ၄၆။ | နတ်မောက်ထွန်းရှိန် | ယဉ်ကျေးမှုမြို့တော်မှ မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း | ၃၀၀၀ | ဇင်ရတနာစောစာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# တိုက်ပွဲများပြင်းထန်လာမှုကြောင့် အလက်ပိုရှိ ကယ်ဆယ်ရေးနှောင့်နှေးကြန့်ကြာ

**အလက်ပို ဒီဇင်ဘာ ၁၄**

အလက်ပိုရှိ သူပုန်ကြီးစိုးရာဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ ပြင်းထန်လာသောကြောင့် ဗုဒ္ဓဟူးနေ့တွင် ကယ်ဆယ်ရွှေ့ပြောင်းမှုများ နှောင့်နှေးကြန့်ကြာမှုဖြစ်ပွားခဲ့သည်။

အလက်ပိုစစ်ပွဲ၌ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အဓိကကျောထောက်နောက်ခံ ကူညီပံ့ပိုးသူဖြစ်သည့် အီရန်သည် သူပုန်များ သိမ်းပိုက်ထားသည့် ဖော်ရာနှင့် ကက်ဖရာယာကျေးရွာများမှ ဒဏ်ရာရရှိထားသူများကို အမြန်ဆုံးကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ချင်ခဲ့သည်ဟု သူပုန်များနှင့် ကုလသမဂ္ဂသတင်းရင်းမြစ်များက ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ထားသော်လည်း ဗုဒ္ဓဟူးနေ့နံနက်တွင် လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ပစ်ခတ်မှုများနှင့် သေနတ်ပစ်ခတ်မှုများ ပြန်လည်စတင်လာခဲ့ပြီဖြစ်ရာ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားဟန်ရှိကြောင်း ပြောကြားခဲ့သည်။ တပ်မတော်က ပြန်လည်သိမ်းပိုက်သည့် ဘူစတန်အယ်လ်ကွာဆာဒေသတွင် သူပုန်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အလက်ပိုအရှေ့ပိုင်းတွင် ပြည်သူများမှာ ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်အဖွဲ့များ၏ ပစ်ခတ်မှုများကို ကြောက်ရွံ့သည့်အတွက် အထုပ်အပိုးများ ပြင်ဆင်ကာ ထွက်ပြေးလျက်ရှိသည်ဟုဆိုသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း သူပုန်ထိန်းချုပ်ရာဒေသများမှ အရပ်သား ၆၀၀၀ ကျော်နှင့် တိုက်ခိုက်ရေးသမား ၃၆၆ ဦး ထွက်ပြေးသွားခဲ့ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ **(ရိုက်တာ)**



# ဂျပန်နိုင်ငံအနောက်ဘက် ကမ်းရိုးတန်းအလွန်တွင် ငါးဖမ်းလှေတိမ်းမှောက်၍ကိုးဦးပျောက်ဆုံး



ပျောက်ဆုံးနေသူကိုးဦးကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ရှာဖွေနေစဉ်

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း အလွန်တွင် ဒီဇင်ဘာ ၁၄ ရက်က ငါးဖမ်းလှေတစ်စင်း တိမ်းမှောက်ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးအပါအဝင် သင်္ဘောသားကိုးဦး ပျောက်ဆုံးနေကြောင်း ဂျပန်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

အဆိုပါ ငါးဖမ်းလှေသည် ဒေသစံတော်ချိန် ဒီဇင်ဘာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် အင်ဂျင်ချွတ်ယွင်းမှုကြောင့် ရှီမာနဲစီရင်စု မာစွတ်အဲမြို့အလွန်တွင် တိမ်းမှောက်ခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြခဲ့သည်။

ငါးဖမ်းရေယာဉ် တိမ်းမှောက်မှုကြောင့် ရေယာဉ်ပေါ်လိုက်ပါလာသည့် အသက် ၂၁ နှစ်အရွယ် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးအပါအဝင် စုစုပေါင်း သင်္ဘောသားကိုးဦး ပျောက်ဆုံးလျက်ရာ သင်္ဘောသားများအားရှာဖွေရန် ကင်းလှည့်သင်္ဘောနှင့် ရဟတ်ယာဉ်များကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က စေလွှတ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အိုကီနာဝါကျွန်းအနီးတွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံအခြေစိုက် အမေရိကန် MV - 22 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တစ်စင်းသည် ယမန်နေ့က အိုကီနာဝါကျွန်း အနီးတွင် အရေးပေါ်ဆင်းသက်ခဲ့ရသော်လည်း လေယာဉ်ပေါ်ရှိ ဝန်ထမ်းငါးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းတို့ထဲမှနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



အရေးပေါ် ဆင်းသက်ခဲ့မှုကြောင့် ရဟတ်ယာဉ်ကိုယ်ထည်ပိုင်းနှင့် ပန်ကာဒလက်တို့မှာ သီးခြားစီကွဲထွက်ခဲ့ကာ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံအခြေစိုက် စစ်စခန်းအနေဖြင့် ဖြစ်ပွားခဲ့သော ကိစ္စရပ်အား စုံစမ်းစစ်ဆေးရန်နှင့် လုံခြုံရေးအာမခံမှုရရှိသည်အထိ ပျက်ကျခဲ့သည့် MV-22 ရဟတ်ယာဉ် အသုံးပြုခြင်းကို ရပ်နားထားရန် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး တိုမိုမီ အီနာဒါက အမေရိကန်အား တောင်းဆိုခဲ့သည်။ ထို့ပြင် စုံစမ်းစစ်ဆေးဆောင်ရွက်မှုများတွင် ဂျပန်ဘက်မှပါဝင်ရန်လည်း ဆက်လက်တောင်းဆိုခဲ့သည်။

ယခုဖြစ်ပွားခဲ့သော MV-22 ရဟတ်ယာဉ် မတော်တဆမှုသည် ဂျပန်နိုင်ငံတွင် ပထမဦးဆုံးဖြစ်ပွားခဲ့သည့် ကိစ္စဖြစ်သော်လည်း အမေရိကန်နိုင်ငံတွင် အကြိမ်များစွာ မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင်အဆိုပါ ရဟတ်ယာဉ်များ အခြေစိုက်ထားခြင်းကို ဂျပန်ပြည်သူလူထုက ကန့်ကွက်မှုများ ပြုလုပ်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

## ရုရှားနှင့် ဆက်ဆံရေးတိုးတက်ရန် ထရန့်မျှော်လင့်

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က နိုင်ငံခြားရေးဝန်ကြီးခန့်အပ်ရန် ၎င်း၏ရွေးချယ်မှုသည် ရုရှားနှင့်ဆက်ဆံရေးကို တိုးတက်စေမည်ဟု မျှော်လင့်ကြောင်း၊ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို နှစ်နိုင်ငံပူးပေါင်းတိုက်ခိုက်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်း၏ဆန္ဒကို ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနကို ဦးဆောင်ရန် ရက်စ်တယ်လာဆန်ကို အင်္ဂါနေ့က ရွေးချယ်ခဲ့ကြောင်း ထရန့်က ပြောခဲ့သည်။

တယ်လာဆန်၏ ရုရှားနှင့် နီးကပ်စွာဆက်ဆံမှုအပေါ် ကွန်ဂရက်အနေဖြင့် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်အနေဖြင့် ဆက်သွယ်မှုမလုပ်ခဲ့သည့် ကမ္ဘာ့ခေါင်းဆောင်အတော်များများသည် Tillerson ၏မိတ်ဆွေများဖြစ်သောကြောင့် Tillerson ကို ၎င်းအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း ထရန့်က ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## H7N1 ဗိုင်းရပ်စ်လူ၌ကူးစက်ခံရကြောင်းတွေ့ရှိ မကာအို၌ကြက်များရောင်းချမှုကို ပိတ်ပင်ထား

**မကာအို ဒီဇင်ဘာ ၁၄**

မကာအိုမြို့၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ပထမဆုံးအကြိမ် လူ၌ကူးစက်ခံရမှုဖြစ်ပွားသည်ကို တွေ့ရှိရပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံရသူအသက် ၅၈ နှစ်အရွယ်ရှိ အဆိုပါ အမျိုးသားအား ဇနီးသည်နှင့်သီးခြားထားကာ ကြက်များလက်ကားရောင်းချသည့် ဈေးကွက်တစ်ခုလုံးကို ဗိုင်းရပ်စ်ပျံ့နှံ့မသွားစေရန် အရေးပေါ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် မကာအို၌ ကြက်သားပေါက်များရောင်းချမှုကို ပိတ်ပင်ထားပြီး လာမည့်သုံးရက်အထိတိုင်အောင် ပိတ်ပင်ထားမည်ဟုပြောသည်။ ထို့ပြင် ဈေးကွက်တစ်ခုလုံးရှိ ကြက်ကောင်ရေတစ်သောင်းကို သုတ်သင်ရှင်းလင်းမည်ဖြစ်သည်ဟု သိရသည်။

ကြက်များမွေးမြူရောင်းချသော လုပ်ငန်းလုပ်ကိုင်နေသည့် အမျိုးသားတစ်ဦးသည် ၎င်းကိုင်တွယ်ထိတွေ့နေရသော ကြက်များမှ H7N1 တုပ်ကွေးဗိုင်းရပ်စ် တွေ့ရှိသည့် နမူနာပုံစံနှစ်ခုကို ရရှိခဲ့ပြီးနောက်တွင် ရောဂါရှာဖွေစစ်ဆေးမှုခံယူခဲ့သည်ဟု ဗုဒ္ဓဟူးနေ့နံနက်ခင်းက အရေးပေါ်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မကာအိုကျန်းမာရေးဗျူရိုယိုအဖွဲ့မှ ပြောကြားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များသည် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး စတင်ဆောင်ရွက်လျက်ရှိပြီး ကူးစက်မှုဖြစ်ပွားရာနေရာတွင် ကျန်ရှိနေသည့် ကြက်ကောင်ရေတစ်သောင်းကို သုတ်သင်ရန်အသင့်ဖြစ်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မြန်မာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများရှင်းလင်းဖော်ထုတ်ပေးရန် အဆိုတင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) သည် ဥပဒေနှင့် ပြဋ္ဌာန်းဆောင်ရွက်မှုမရှိခြင်း၊ အစိုးရ၏တရားဝင် ခွင့်ပြုမိန့်မရှိဘဲ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်ခြံစက်ရုံနှင့် လုပ်ငန်းများကို နိုင်ငံတော်က စီမံခန့်ခွဲသင့်ခြင်း၊ ရရှိသောအကျိုး အမြတ်များကို နိုင်ငံတော်ဘဏ္ဍာ ဖြစ်သင့်ခြင်းတို့ကြောင့် MICA ၏လုပ်ငန်းများနှင့် အကျိုးအမြတ်များကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အားကာမိုးက ယနေ့တွင် အဆိုတင်သွင်းသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးက **နိုင်ငံတော်၏ သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော Myanmar International Cooperation Agency (MICA) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုက လက်ဝါးကြီးအုပ်ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့်ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန်တိုက်တွန်းကြောင်း** အဆိုကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြန်မာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (MICA) ကို ၂၀၁၂ ခုနှစ်ကစတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၃/၂၀၁၄ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခဲ့သည်။ MICA အဖွဲ့၏ဖွဲ့စည်းပုံ၌ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့် အကြံပေးပညာရှင်အဖွဲ့ စသည့် နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ အပါအဝင် အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၇၀ စုစုပေါင်း ၁၀၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

MICA အဖွဲ့အနေဖြင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနပိုင် ခြံစက်ရုံပေါင်း ၄၈ ခု၊ အုတ်စက်ရုံနှင့် ဒည်းကုန်း မြေရိယာ ၆၄ ဒသမ ၅၄ ဧက၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် လုပ်ငန်း ၁၇ ခု အပြင် အင်းစိန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင်မြေ ၁၃၄ ဒသမ ၇၃၈ ဧကအနက် ၈ ဒသမ ၄၁ ဧကကိုအနုပညာဗဟိုဌာနနှင့် ၃၂ ဒသမ ၃၂၁ ဧကကို မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ်တို့အတွက် ချန်လှပ်ပြီး ကျန်မြေများအား လွှဲပြောင်းယူခဲ့သည်ကို အဆိုအရ သိရသည်။

MICA လွှဲပြောင်းယူသွားသော မွေးမြူရေးနှင့် သား၊ ငါးကဏ္ဍလုပ်ငန်းများသည် မူလရည်ရွယ်ချက်နှင့် လွဲချော်သည့် လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ အိုးအိမ်ဆောက်လုပ်ရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းများစွာကို ပြောင်းလဲလုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် မွေးမြူရေးနှင့် သား၊ ငါးကဏ္ဍ မေးမိုန်ပျောက်ကွယ်သွားသည့်အပြင် ရောဂါရှာဖွေရေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ကာကွယ်ကုသရေး၊ စားနပ်ရိက္ခာပြည့်တင်းရေး၊ အလတ်စား၊ အသေးစား တစ်နိုင်တစ်ပိုင် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည့် ဆက်စပ်အခက်အခဲနှင့် လိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို ချည့်နဲ့အားနည်းစေသည့်အပြင် ပြည်သူ့ဘဏ္ဍာ ပျောက်ဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အားကာမိုးက အဆိုတင်သွင်းစဉ် ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၏ အပိုဒ် ၂၂ တွင် မိတ်ဖက်အဖွဲ့အစည်းလုပ်ငန်း အကောင်အထည်ဖော်ရန်လိုအပ်သည့် ပြည်ထောင်စုဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့၊ ဦးစားပေးမြို့နယ်နှင့် ခရိုင်အဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ဆိုပြီး အဆင့်သုံးဆင့်ဖြင့် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"MICA ဖွဲ့စည်းပုံကို သိရှိရုံနဲ့က မလုံလောက်ပါဘူး။ တကယ်တမ်း MICA ရဲ့ လုပ်ဆောင်လည်ပတ်နေမှုကို တိတိကျကျသိဖို့လိုပါတယ်။ ဖော်ထုတ်ဖို့လိုပါတယ်။ ဒါအမည်ခံလား၊ အမှန်တကယ်ဆောင်ရွက်နေသူလား။ ဘယ်သူတွေ၊ ဘယ်ဝါတွေဆိုတာ သိရှိဖော်ထုတ်နိုင်မှ ပြီးခဲ့တဲ့ကာလအတွင်းမှာ MICA က မတရားလက်ဝါးကြီးအုပ်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကို တိတိကျကျသိရမှာဖြစ်သလို နိုင်ငံတော်က ရသင့်ရထိုက်တဲ့ဘဏ္ဍာငွေတွေကိုလည်း ပြန်လည်ရရှိမှာ ဖြစ်ပါတယ်" ဟု လွှတ်တော်အစည်းအဝေးအပြီးတွင် အဆိုရှင်က ပြောကြားသည်။

**သူရဇော်(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကျေးလက်ကျန်းမာရေးနှင့် ပညာရေးပိုင်းဆိုင်ရာမြှင့်မားရေး ဂျပန်အစိုးရကူညီမည်

**သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးပိုင်းဆိုင်ရာနှင့် ပညာရေးပိုင်းဆိုင်ရာမြှင့်မားရေး ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကူညီထောက်ပံ့မှုများကို ယခင်ကထက် စီမံကိန်းများချမှတ်ကာ ပိုမိုလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပြောကြားသည်။

ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ စကိုင်းစတားဟိုတယ်၌ ဂျပန်- မြန်မာ တတိယအကြိမ်မြောက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည့် ချစ်ကြည်ရေးပွဲတော်အကြို စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ ဟီခုချီတတဲ့ရှိက ယင်းသို့ ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာ ၂ ရက်က မြန်မာနိုင်ငံရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံကို ရောက်ခဲ့ပါတယ်။ အဲဒီမှာ ဂျပန်- မြန်မာ ဆက်လက်ပူးပေါင်း ဆောင်ရွက်ဖို့ ဆွေးနွေးခဲ့တယ်။ နှစ်နိုင်ငံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်း ၁၀ ခုကို နှစ်ဖက်သဘောတူခဲ့ပါတယ်။ အဲဒီအထဲမှာ အဓိကကတော့ မြန်မာနိုင်ငံရဲ့ရာခိုင်နှုန်း၇၀ ကျော် နေထိုင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ကျန်းမာရေးနဲ့ပညာရေးပိုင်းဆိုင်ရာ ကူညီပေးဖို့ကို အဓိကဆွေးနွေးခဲ့တာပါ။ ဒါ့အပြင် မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာကိုလည်း ကူညီပေးသွားမှာပါ။ မြန်မာနိုင်ငံရဲ့လိုအပ်တဲ့နေရာတိုင်းကို ဂျပန်နိုင်ငံအစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံဖို့ကိုလည်း အစီအစဉ်ရှိပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကျိုးရှိတဲ့ရင်းနှီးမြှုပ်နှံမှုကို ရှေ့ဆက်ဆောင်ရွက်သွားမှာပါ။ ပြီးတော့ ဂျပန်နည်းပညာကိုလည်း မြန်မာနိုင်ငံရဲ့ လူသားအရင်းအမြစ် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျပန်အစိုးရအနေနဲ့ ပူးပေါင်းဖလှယ်မျှဝေသွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပြောသည်။

ဂျပန်အစိုးရသည် လတ်တလော မြန်မာနိုင်ငံဆိုင်ရာ ကျေးလက်ကျန်းမာရေးနှင့် ပညာရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံချက်ချအကောင်အထည်ဖော် ကူညီထောက်ပံ့လျက်ရှိပြီး နှစ်စဉ်စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၁၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်း ၁၀ ခုကို ဆက်လက်ကူညီထောက်ပံ့ရန် နှစ်နိုင်ငံသဘောတူထားပြီးဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံအနေဖြင့် ကုမ္ပဏီပေါင်း ၃၃၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး အဓိကအားဖြင့် စက်မှုလက်မှု၊ ဆက်သွယ်ရေး၊ ငွေကြေးပိုင်းဆိုင်ရာကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ဘက်ပေါင်းစုံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ဂျပန်လူမျိုး ၂၀၀၀ ကျော် လာရောက်လုပ်ကိုင်လျက်ရှိပြီး နေ့စဉ်လေကြောင်းမှ ကူးလူးသွားလာမှုများလည်းရှိကြောင်း သိရသည်။

ဂျပန်- မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးပွဲတော်ကြီးကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ရာ နှစ်စဉ်စည်ကားလျက်ရှိပြီး ၂၀၁၅ ခုနှစ်က ဒုတိယအကြိမ်ကျင်းပခဲ့သော ပွဲတော်ကြီး၌ လူဦးရေတစ်သောင်းနှစ်ထောင်ကျော်အထိ လာရောက်ကြည့်ရှုလေ့လာခဲ့သူများခဲ့ကြောင်း သိရသည်။ အဆိုပါ နှစ်နိုင်ငံ ချစ်ကြည်ရေးပွဲတော်ကြီးကို နှစ်နိုင်ငံကြား ယဉ်ကျေးမှုဖလှယ်စေရန်နှင့် ဂျပန်- မြန်မာချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ပွဲတော်ကြီးကို ရန်ကုန်မြို့ ရွှေထွဋ်တင်ကွင်းပြင်၌ ကျင်းပသွားမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဂျပန်ရိုးရာ အစားအစာများကျွေးမွေးခြင်းနှင့် ဂျပန်လုပ်ငန်းရှင်များ၏ပြခန်းများတွင် ဂျပန်နိုင်ငံ နောက်ဆုံးပေါ်ပစ္စည်းများကို ပြသသွားမည်ဖြစ်ပြီး ညပိုင်းတွင် နှစ်နိုင်ငံချစ်ကြည်ရေးဖျော်ဖြေမှုအနေဖြင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ နာမည်ကျော်အနုပညာရှင်များ ဖျော်ဖြေသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံမှ HiraharaAyaka နှင့် Prizma တို့ လာရောက်ဖျော်ဖြေမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ နာမည်ကြီး အနုပညာရှင်များဖြစ်သော သားစိုး၊ Myanmar Idol Season 1 winner ဆုရှင်များ၊ စောလားထော်ဝါး (Lah Lah)၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ အမွန်း၊ မြန်မာ့ယဉ်ကျေးမှုအနုပညာ မောင်နှမများနှင့် Life & Dance အကအဖွဲ့တို့ ဖျော်ဖြေသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်သည်။ စတင်ဖွင့်လှစ်သည့် နေ့လယ်ပိုင်းမှစတင်ကာ ဂျပန်ရိုးရာ မုန့်မျိုးစုံကိုလည်း ကုမ္ပဏီပေါင်းစုံက ကျွေးမွေးသွားမည်ဖြစ်ပြီး ပွဲတော်ညပိုင်း အစီအစဉ်များကို MNTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ဂျပန်နိုင်ငံက အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံသည့် သီလဝါအထူးစီးပွားရေးဇုန်



မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ ဟီခုချီတတဲ့ရှိ

**အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ**

## ဆူဇူကီးဗိုလ်လုပွဲ ပထမအကျော့၌ အင်ဒိုနီးရှားအနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့၏ ပထမအကျော့ပွဲစဉ်ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ အင်ဒိုနီးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စုတွင်းတွေ့ဆုံခဲ့သည့် နှစ်သင်းဗိုလ်လုပွဲတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး အင်ဒိုနီးရှားအသင်းက အုပ်စုတွင်းရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် အိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ခဲ့၍ ချန်ပီယံဆုကို ပထမဆုံးအကြိမ်ရယူနိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး အဝေးဂိုးတစ်ဂိုးရခဲ့သည့် လက်ရှိချန်ပီယံ ထိုင်းအသင်းမှာလည်း အဝေးဂိုးတစ်ဂိုးရခဲ့သောကြောင့် ငါးကြိမ်မြောက် ဆူဇူကီးချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။ ထိုင်းအသင်းခေါင်းဆောင် တီယာဆေးလ်ဒန်ဒါက ၃၃ မိနစ်တွင် ခေါင်းတိုက်၍ ဦးဆောင်ဂိုးသွင်းခဲ့သော်လည်း အင်ဒိုနီးရှားအတွက် ၆၆ မိနစ်တွင် ပိုရာက ချေပဂိုး၊ ၆၉ မိနစ်တွင် ဟန်ဆာမူက အနိုင်ဂိုးတို့ သွင်းယူခဲ့သည်။ ယခု ရှုံးပွဲကြောင့် ထိုင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီး နိုင်ပွဲဆက်စံချိန် ရပ်တန့်ခဲ့ရသည်။

ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဒီဇင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

*အမျိုးသားလွှတ်တော်မှ*

**သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော Myanmar International Cooperation Agency (MICA) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုက လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသောစက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်သို့တင်သွင်းရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မာမာလေးက ထောက်ခံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## စွန့်ဦးတီထွင်ညီလာခံသို့ ကိုယ်စားလှယ်စေလွှတ်ရန် ဆွေးနွေး

**ရမည်းသင်း ဒီဇင်ဘာ ၁၄** မြန်မာနိုင်ငံရှိ တစ်ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်ကွန်ရက် မြန်မာ(GEN Building Markets) က ၂၀၁၇ ခုနှစ် မတ်လတွင်ကျင်းပမည့် တစ်ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်သူများညီလာခံနှင့် တောင်အာဖရိက၊ ကင်ညာနိုင်ငံများသို့ လေ့လာရေးခရီးစဉ်အတွက် ကိုယ်စားလှယ်စေလွှတ်နိုင်ရန် ရှင်းလင်းဆွေးနွေးပွဲကို ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် HYW Business School (မကွေး)မှ ဒေါ်ဒွေးယဉ်ဝင်းက Building Markets သည် နိုင်ငံတကာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်ကာ အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် စွန့်ဦးတီထွင်မှုများကိုချိတ်ဆက်၍ စီးပွားရေးအခွင့်အလမ်းသစ်များဖြစ်ပေါ်လာရန် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်ကွန်ရက်မြန်မာခေါ် GEN Myanmar သည် နိုင်ငံတကာ Global Entrepreneurship Network ၏ ပလက်ဖောင်းတစ်ခုဖြစ်ကာ စွန့်ဦးတီထွင်ခြင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင် စနစ်တစ်ခုပေါ်ပေါက်ရန်ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။ ရှင်းလင်းဆွေးနွေးပွဲသို့ ရမည်းသင်းမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ စိန်လသာပညာရေးစင်တာမှ စီးပွားရေးသင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# နမ့်စန်မြို့နယ် ပါလစ်ကျေးရွာ၌ နေအိမ်မီးလောင်မှုဖြစ်ပွား၍ သုံးဦးသေဆုံး

**နမ့်စန် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် မက်မွန်မွန်းကျေးရွာအုပ်စု ပါလစ်ကျေးရွာ (မြို့နှင့် မိုင်၂၀ ကျော်အကွာ) ၌ ဒီဇင်ဘာ ၁၃ ရက် ည ၁၁ နာရီခန့်က ဒေါ်ပါနေ၏ (၁၂×၂၅) ပေ အကျယ်ရှိ ဝါးကြမ်းခင်း၊ ထရံကာ၊ သွပ်နှင့် အင်ဖက်များမိုးထားသော နေအိမ် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ရွာသူရွာသားများက စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁ နာရီ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဆိုလာပြားနှင့် အင်ဗာတာ ချိတ်ဆက်၍ ဘက်ထရီနှင့် ဖုန်းအားသွင်းရာ ဆိုလာမှ ရှော့ဖြစ်ကာ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဒေါ်ပါနေ (၅၀ နှစ်)၊ သမီး မနန်းမွေဖောင်း (၁၃ နှစ် )နှင့် တူမ မနန်းမြစိန် (၁၂ နှစ်) တို့သုံးဦး အဆိုပါနေရာ၌ မီးလောင် သေဆုံးခဲ့ပြီး နေအိမ်အောက်ထပ်ရှိ လက်တွန်းထွန်စက်တစ်စီးနှင့် ဆိုင်ကယ် တစ်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် နယ်မြေ (၂) နေ ကိုမိုး(ခ)စိုးမိုးနိုင်၏ဇနီးဖြစ်သူ မလှလှအေး(၃၆ နှစ်) မှာ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီခန့်က ထိုးသွင်းဒဏ်ရာများရရှိပြီး နေအိမ်အောက်ထပ် အိပ်ခန်းအတွင်း၌ သေဆုံးခဲ့ကြောင်း သိရသည်။

ကိုမိုး(ခ) စိုးမိုးနိုင်သည် ဒီဇင်ဘာ ၁၃ရက် ညနေ ၆ နာရီခန့်က ရွှေချီရပ် (၉)လမ်းရှိ ပေါက်ကွယ်ကုန်စုံဆိုင်သို့ ဈေးသွားဝယ်ပြီး ညနေ ၆ နာရီ မိနစ် ၂၀ ခန့်၌ နေအိမ်သို့ပြန်လာစဉ် အိမ်နီးချင်းဖြစ်သူ ဒေါ်ညွန့်ဝေ (၅၂ နှစ်)က ၎င်း နေအိမ်ဘက်မှ အော်ဟစ်သံတွေကြားရပြီး ကျော်ဇင်ဌေးမှာ ဓားကိုင်၍ ထွက်ပြေးသွားသည်ကိုမြင်ရကြောင်း ပြောဆိုသဖြင့် နေအိမ်အတွင်း လိုက်လံကြည့်ရှုခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ မလှလှအေးမှာ ဓားဒဏ်ရာများဖြင့် နေအိမ်အောက်ထပ် အိပ်ခန်းအတွင်း သေဆုံးနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကိုမိုး (ခ) စိုးမိုးနိုင်က ကျော်ဇင်ဌေးကို အရေးယူပေးပါရန် တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ ကျော်ဇင်ဌေးကို လိုက်လံဖမ်းဆီးရာ ည ၉ နာရီ ၁၅ မိနစ်က ဖမ်းဆီးရမိပြီး အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးထံမှ သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# အမြန်လမ်း၌ ယာဉ်နှစ်စီး မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၀၄/၅ နှင့် ၃၀၄/ ၆) အကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း စိုင်းစိုးမျိုးဝင်း မောင်းနှင်လာသော SUZUKI SWIFT မော်တော်ယာဉ်မှာ ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ က ရှေ့ဝဲဘက် ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြောင်းအတွင်း တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း စိုင်းစိုးမျိုးဝင်းတွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ အလားတူ နံနက် ၇ နာရီခွဲက အမြန်လမ်းမိုင်တိုင်အမှတ် (၃၂၉/၀ နှင့် ၃၂၉/၁) အကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်မင်းလင်း မောင်နှင်းလာသော ဟိုင်းလပ်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ် ကပ်တုံးတိုက်ပြီး တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ သုံးဦးအနက် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ရာ တစ်ဦးမှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို ပြင်စည် အမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နွားထိုးကြီးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းများကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**


## သန်လျင်၊ အထက(၁)၊ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

သန်လျင်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမကြီး ၁၄၇ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့)နံနက် ၈ နာရီတွင် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဆရာကန်တော့ပွဲသို့ ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၆ နာရီတွင် သန်လျင် Star City Excel River View Hotel ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဦးတင်ဝင်း(နာယက)ဖုန်း-၀၅၆-၂၁၃၃၇၊ ဒေါက်တာဦးဝင်း ဖုန်း-၀၅၆-၂၂၅၄၂၊ ဦးစိန်လွင် ဖုန်း-၀၉-၅၁၂၇၀၅၉၊ ဦးအောင်သန်းဦး ဖုန်း-၀၉- ၈၆၂၆၀၀၉၊ ဦးမောင်မောင်တိုး ဖုန်း-၀၉-၅၀၁၁၇၀၇၊ ဦးကြည်မင်း ဖုန်း-၀၉-၅၀၅၉၅၈၄၊ ဦးမျိုးအောင် ဖုန်း-၀၅၆-၂၂၉၆၈၊ ဦးအောင်အောင်တင့် ဖုန်း-၀၉-၇၉၉၄၃၆၉၀၀၊ ဦးဌေးမိုး ဖုန်း-၀၉-၅၁၅၇၁၁၆၊ ဦးချမ်းငြိမ်း ဖုန်း-၀၉-၄၄၃၀၄၃၃၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1A/1800 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ သမီးရည်းစားစုံတွဲထံမှ ဓားထောက်လုယက်မှုဖြစ်ပွားသတင်းတွင် ပြစ်မှုကျူးလွန်သူ စည်သူအောင်(၂၁နှစ်)အစား တရားလို စည်သူအောင် (၂၁နှစ်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

# အရက်အတူသောက်ရာမှ စကားများ၍ လူသတ်မှုဖြစ်ပွား

**ဖန်းမော် ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် မိုးမောက်မြို့နယ်၌ ခြံအလုပ်သမားအချင်းချင်း စကားများရာမှ လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီခန့်က မိုးမောက်မြို့နယ် စွန်မာရွာပျက်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွေးနှင့် အဖွဲ့ သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားသည့်ခြံအတွင်းရှိ အလုပ်သမားတဲမှ ပေ ၂၀ ခန့်အကွာ၌ ကျော်နိုင်(၄၁နှစ်) ပြည်ကြီးရပ် မင်းပြားမြို့နယ်နေသူမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်ကိုစုံစမ်းရာ သေဆုံးသူ ကျော်နိုင်နှင့် ခြံအလုပ်လုပ်ကိုင်၍ အတူနေထိုင်သူ ခင်မောင်ရွှေတို့သည် အရက်အတူသောက်စားမူးယစ်ရာမှ စကားများပြီး ခင်မောင်ရွှေက အရှည်သုံးပေ လုံးပတ်သုံးလက်မခန့်ရှိ ဝါးရင်းတုတ်ဖြင့် ရိုက်နှက် ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်မောင်ရွှေ(၃၇ နှစ်) တပ်ရွာ၊ မြေပုံမြို့နယ်နေသူကို မိုးမောက်မြို့မရဲစခန်းက စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လူသုံးယောက်စီးသောဆိုင်ကယ် အရှိန်လွန်တိမ်းမှောက်၊ တစ်ဦးသေဆုံး

**မြို့သစ် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တောင်တွင်းကြီး-မြို့သစ်ကားလမ်း၌ ဒီဇင်ဘာ ၁၃ ရက်က ဆိုင်ကယ်တိမ်းမှောက်၍ လူတစ်ဦးသေဆုံးသွားကြောင်း ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီခွဲက မြို့သစ်-တောင်တွင်းကြီး ကားလမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းမှ ရဲအုပ် ကျားမောင် သွားရောက်စစ်ဆေးရာ ယင်းနေ့နံနက်ပိုင်းက ဝင်းထိုက်(၁၄ နှစ်) ကိုရံ(တ)ရွာ မြို့သစ်မြို့နယ်နေသူသည် ၁၅/----- ဆိုင်ကယ်နောက်၌ ညီမဖြစ်သူ မတင်တင်မူ(၂၅ နှစ်)နှင့် ယောက်ဖဖြစ်သူ အောင်ဝင်းဘို(၄၅ နှစ်)တို့ကို တင်ဆောင်၍ တောင်တွင်းကြီးမြို့နယ်ဘက်မှ မြို့သစ်မြို့နယ်ဘက်သို့ မောင်းနှင်လာစဉ် တောင်တွင်း-မြို့သစ်ကားလမ်း မိုင်တိုင်အမှတ် (၄/၇ နှင့် ၄/၈) အကြား အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ဝင်းထိုက်နှင့် မတင်တင်မူတို့တွင်(စိုးရိမ်ရ)နှင့် အောင်ဝင်းဘိုတွင်(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် မြို့သစ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဝင်းထိုက်သည် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းထိုက်ကို မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


## ပိုင်ရှင်ကိုယ်တိုင် အလွန်သက်သာသောဈေးနှုန်းဖြင့် အမြန်ရောင်းမည်

၁။ မော်ဘီမြို့နယ်၊ မြို့ချောင်းလမ်းမကြီးဘေး၊ မော်ဘီ GTC ကျောင်းအနီး၊ မဟာဓာတ်အားလိုင်းနှင့်နီးသည်၊ ရေ၊ မီးကောင်းသည်၊ စက်ရုံ၊ အလုပ်ရုံလုပ်ကိုင်လိုသူများအတွက် ခြံမျက်နှာဝကျယ်သည်၊ မြေပြင်ညီသည်၊ သွားရေးလာရေးလွယ်ကူသည်၊ လမ်းပန်းဆက်သွယ်ရေးကောင်းသည်၊ လမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်း၊ သီးပင်စားပင်များပါသည်။ ကျောင်း+ရိပ်သာ ဝယ်ယူလှူဒါန်းလိုသူများအတွက် အလွန်ကောင်းမွန်သော နေရာ။

**(၁၀)ဧက=သိန်း (3000)၊ ဧက (၂၀)=သိန်း (6000)၊ (၂၈)ဧက=သိန်း (9000)**

၂။ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် မိသားစုများများနှင့် တစုတဝေးတည်းနေထိုင်လိုသူများအတွက် အခန်းများများနှင့် (၂)ထပ်လုံးချင်းတိုက်ကျယ်ကျယ်၊ မြေအကျယ် (90'× 70')၊ လူလုံးဝမနေထိုင်ရသေးပါ၊ Master Bedroom (7)ခန်း၊ ရိုးရိုးအိပ်ခန်း (2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ် (2)ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ။ ကား(2)စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom (1)ခန်းပါ၊ Aircon (11)လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ခြံထဲတွင်နားနေရန် ဘန်ဂလို (1)လုံးပါ။ ခြံပတ်ပတ်လည် ဘရိတ်ဓားဆူးကြိုးကာပြီး၊ မြက်ခင်းပြင်အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင်ကား(6)စီးရပ်ထားနိုင်ပါသည်။ ဈေးအလွန်သက်သာသော (၂) ထပ်လုံးချင်းတိုက်သစ်။

**ကျပ်သိန်း (3500)**

(၃) ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်း (၄)လမ်းသွားလမ်းမကြီးဘေး၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း၊ အိမ်တစ်လုံးပါ၊ ခြံပတ်ပတ်လည်တွင် ချောင်းဖြင့်ဝန်းရံထားသည်။ အရိပ်ရရော်ဘာပင်များ စိုက်ပျိုးထားသည်။ မျက်နှာဝ (620')၊ မြေအကျယ် (5.13) ဧက၊ ဥယျာဉ်ခြံမြေ၊ မော်တော်ကားများဦးတိုက်သည့် သရက်ပင်မောင်နှမရှေ့ကခြံ၊ အလွန်သာယာသည်။ စားသောက်ဆိုင်ဖွင့်လိုသူများအတွက် အချက်အချာကျနေရာကောင်း။

**ကျပ်သိန်း (700)**

(၄) ချောင်းသာတွင် အရင်းအနှီးနည်းနည်းဖြင့် ဟိုတယ်ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ချင်သူများအတွက် စကားဝါတောင်ခြေ၊ မြေဧရိယာ (5.35) ဧက အကျယ်မြေကွက်၊ မျက်နှာစာနှစ်ဖက်၊ မျက်နှာဝ (607')၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို (၁)လုံးပါ။

**ကျပ်သိန်း (8000)**

**အကျိုးဆောင်များ (3 %) ကျေးဇူးဆပ်ပါမည်။**

**ဆက်သွယ်ရန်ဖုန်း- 09-5178979, 09-420301091, 09-43022828, 09-250165519, 09-43292929**




# အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ပိုက်ကျော်ခြင်းမိသားစု ပရဟိတအသင်းက ကျင်းပသည့် ၂၀၁၆ Sponsor Challenge Cup အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပရဟိတအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးသန်းထွန်းတို့က ပြိုင်ပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြကာ ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းခုနစ်သင်း၊ အလွတ်တန်းအသင်း ၄၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စု ၁၆ စုခွဲကာ ယှဉ်ပြိုင်ကစား၍ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ ယူ - ၂၁ အသင်း ရှုံးနှင့်ခြေစမ်းကစား

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဗီယက်နမ် ယူ - ၂၁ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၁ အသင်းသည် ယနေ့နံနက်ပိုင်းက MNL ကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ယင်းခြေစမ်းပွဲမှာ မြန်မာ ယူ-၂၁ အသင်းအတွက် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်ပြီး နောက်ကျချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာယူ - ၂၁ အသင်းတွင် လက်ရွေးစင်ကစားသမားအချို့ ပါဝင်ကစားခဲ့ပြီး လေးပွဲဆက် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာယူ- ၂၁ အသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းပွဲငါးပွဲ ကစားခဲ့ရာ လေးပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၁ အသင်းသည် လက်ရွေးစင်အသင်းမှ အသက်မီသည့် သန်းပိုင်၊ နန္ဒကျော်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်တို့ကို အမာခံထားကာ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ စွမ်းထက်အောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ခရစ္စတိုဖာ၊ တင်ဝင်းအောင်၊ နေလင်းထွန်း၊ ပက်ထရစ်၊ မက်ဆီမင်တို့ဖြင့် လူစုံနီးပါးအသုံးပြုခဲ့သည်။

ပွဲအစ ၈ မိနစ်တွင် သန်းဇော်ဟိန်းက ယူ-၂၁ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၁၈ မိနစ်တွင် ရှမ်းယူနိုက်တက် ချေပဂိုးပြန်ရခဲ့ပြီး အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြောင်းအလဲလုပ်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၅၅ မိနစ်တွင် ကွင်းလယ်လူ တင်ဝင်းအောင်က ရှမ်းအတွက် ဒုတိယဂိုးသွင်းခဲ့သော်လည်း ၈၃ မိနစ်တွင် မောင်မောင်စိုးက ယူ - ၂၁ အတွက် ချေပဂိုးပြန်သွင်းခဲ့၍ သရေကျခဲ့ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# မြန်မာနှင့်ဟောင်ကောင် ယူ-၁၉ အမျိုးသမီးအသင်း ယနေ့ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ - ၁၉ အမျိုးသမီးအသင်းသည် ဟောင်ကောင် ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဒီဇင်ဘာ ၁၅ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ဂ) အတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားသော နိုင်ငံတကာခြေစမ်းပွဲလည်း ဖြစ်သည်။ မြန်မာ ယူ - ၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်က ကိုင်တွယ်လျက်ရှိသည်။ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပခဲ့ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (ဂ) မှာ အိမ်ရှင်နိုင်ငံအပြောင်းအလဲကြောင့် ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ခြေစမ်းမည့် ဟောင်ကောင် ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ ယခုခြေစမ်းပွဲကို ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု(ဂ) ပွဲစဉ်များကို သုဝဏ္ဏကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ၊ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်အသင်းတို့ ပါဝင်လျက်ရှိသည်။

အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

**သတင်း-ရဲရင့်ရှိုင်း**

# ဖြူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**ဖြူး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဒီဇင်ဘာ ၁၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တောင်ငူခရိုင်ရုံးဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်ဦးစီးမှူး ဦးသက်ခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှအောင်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၅၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးလစာနှုန်း ကျပ်(၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)၂၅နေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းကိုက်ညီသူ များ လျှောက်ထားနိုင်ပါသည်-

(က) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)B.A(English)၊ (နိုင်ငံတကာဆက်ဆံရေးပညာ) B.A(IR)

(ခ) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)

(ဂ) ဥပဒေဘွဲ့(LL.B)

(ဃ) ဝါဏိဇ္ဇဘွဲ့(B.Com)

(င) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)

(စ) အထက်ပါဘာသာရပ်များတွင် မဟာဘွဲ့နှင့်အထက်ရရှိသူများကို ဦးစားပေးမည်။

(ဆ) အင်္ဂလိပ်စာ(သို့မဟုတ်)ကွန်ပျူတာဘာသာရပ်တွင် ကျွမ်းကျင်သည့် အခြားဘွဲ့ရရှိသူများလည်း ကျွမ်းကျင်မှု အထောက်အထားပူးတွဲ၍ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ရိုးရိုးဘွဲ့ရရှိသူများအတွက် ၃၁-၁၂-၂၀၁၆ ရက်တွင် အသက် ၂၅နှစ်ထက် မကျော်စေရ၊

(ဂ) မဟာဘွဲ့နှင့်အထက်ရရှိသူများအတွက် ၃၁-၁၂-၂၀၁၆ရက်တွင် အသက်(၃၀)ထက်မကျော်စေရ၊ ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ရေးအတွက် ခွင့်ချက်ဖြင့် စဉ်းစားပေးမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ် ရေးထိုးပေးပို့ရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်(အသက်)၊

(ဂ) လူမျိုး/ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊

(င) အိမ်ထောင်ရှိ/မရှိ(ရှိလျှင်ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်)၊

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊

(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊

(ဇ) အမြဲတမ်းနေရပ်လိပ်စာ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်)ထောက်ခံချက်မိတ္တူ၊

(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(င) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ထောက်ခံချက်မူရင်း၊

(စ) အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်၊

(ဆ) တစ်လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်၊

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း ၂၈-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပေးပို့နိုင်သည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။ ဖြေဆိုခွင့်ရရှိသူများကို ပြည်ထောင်စုလွှတ်တော် Website တွင် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့)မှစ၍ ကြေညာမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့)မှစ၍ ရုံးအမှတ် (၂၀)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို ၆-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအား လူတွေ့နှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းကို ၁၃-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၄ပါစာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ဖုန်း-၀၆၇-၅၉၁၂၁၃နှင့် ၀၆၇-၅၉၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website; www.myanmarparliament.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀)တွင် ပါရှိသည့် မိခင်ကြီး ဒေါ်မာရီယမားလ်၏ နာရေးတွင် အာဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပေးကြသောမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိခြင်း ကြော်ငြာတွင် ကျန်ရစ်သူမိသားစု၊ ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ)-ဒေါ်ရီရီမြင့်(မြန်မာ-အိန္ဒိယ ခေသဟာယအသင်း) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

GOLDEN STAR Travels & Tours
◆ ပုဂံ(စွယ်တော်လေးဆူ) - ပုပ္ပါး Dec-23,30
◆ မန္တလေး - ပြင်ဦးလွင် ခရီးစဉ် Dec-23,30
◆ လွိုင်ကော် - ပင်းတယ - ကလော Dec-28
◆ တောင်ကြီး - အင်းလေး - ပင်းတယ Dec-28
09-5046000, 09-5081580, 09-5036640

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိတ္ထီလာတက္ကသိုလ် (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာတက္ကသိုလ်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ စာမေးပွဲများ၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများနှင့် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများ၊ မဟာသုတေသနသင်တန်းများကို ဖြေဆိုအောင်မြင်သူများသည် မိတ္ထီလာတက္ကသိုလ်(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများလျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - ၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - ၁၅-၁၂-၂၀၁၆ရက်မှ ၁၆-၁-၂၀၁၇ရက်အထိ |

၂။ ဘွဲ့လျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရယူဖြည့်စွက်ပြီး လွန်ခဲ့သော(၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော(၂"×၁ ၁/၂")အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို မိတ္ထီလာတက္ကသိုလ်၊ ငွေလက်ခံရာဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှတင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်သည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။

၆။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက သက်ဆိုင်ရာ အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၇။ အသေးစိတ်အချက်အလက်များကို မိတ္ထီလာတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုးတိုးခင်**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မိတ္ထီလာတက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဦးမြို့နယ်၊ ချမ်းသာကျေးရွာ အထက(ခွဲ)၊ အဌမတန်းမှ မောင်သန့်ဇင်ထွန်း၏ဖခင် ဦးစိန်ဌေး ၅/ရဥန(နိုင်)၀၂၄၂၀၂နှင့် ဦးမောင်ကိုမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်ဌေး(ခ)ဦးမောင်ကို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသိန်းထွန်း၏သား မောင်မြသိန်းထက်နှင့် မောင်သူရထွန်း ၁၂/ဥကမ(နိုင်)၂၄၁၀၄၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရသေ့တောင်မြို့နယ်၊ တောင်ရင်းတန်းရပ်ကွက်မှ ဦးမောင်ကျော်အေး၏သား ဦးမောင်ဘယဉ် ၁၁/ရသတ(နိုင်)၀၁၀၂၆၅ အား ဦးမောင်ဘရင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးမောင်ဘရင်**

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မလွဲ့လွဲ့မိုး၏ မိဘအမည်မှန်မှာ (LALGI) - ဒေါ်အင်ဒရာဝသီဖြစ်ပါသည်။ **LALGI-ဒေါ်အင်ဒရာဝသီ**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ ဒေါ်ငြိမ်းကုန်း ကျေးရွာမှ ဦးအောင်မိုး-ဒေါ်မြင့်မြင့်ဦးတို့၏ သမီး မရတနာသင်္ဂီအား မရတနာဦးဟု ပြောင်းလဲခေါ်ပါရန်။

**မရတနာဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၄၀၅၂ Honlei ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ခေါင် ၁၃/တခလ(နိုင်)၀၆၆၆၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

# စိုက်ပျိုးထွန်ယက်ရာတွင် ထွန်စက်ငှားရမ်းသုံးစွဲကြသူများ ကျွမ်းကျင်မှုလိုအပ်နေ

**ရေတာရှည် ဒီဇင်ဘာ ၁၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အလျင်အမြန်ကူးပြောင်းနိုင်စေရန် စက်မှုလယ်ယာဦးစီးဌာနများမှ ထွန်စက်များကို အဖိုးနှုန်းချိုသာစွာ ငှားရမ်းနိုင်ခြင်း၊ စက်ပစ္စည်းများပိုင်ဆိုင်နိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ရေတာရှည်မြို့နယ်တွင် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံများ ရာသီအလိုက် စိုက်ပျိုးကြရာတွင် ကျွဲ/နွားများအစား ထွန်စက်၊ လက်တွန်းထွန်စက် ပိုင်ဆိုင်သုံးစွဲမှုပမာဏ ပိုမိုများပြားလျက်ရှိပြီး လက်ရှိ ထွန်စက်ဝယ်ယူထားသူများအနေဖြင့် အငှားလိုက်ထွန်ယက်ကာ ဝင်ငွေရှာဖွေကြသော်လည်း စက်မောင်းသူများမှာ ကျွမ်းကျင်မှုအားနည်းချက်များကြောင့် တောင်သူများအနေဖြင့် အလုပ်သမားထပ်မံငှားရမ်းလုပ်ကိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"လယ်တွေကို စက်နဲ့မောင်းတော့ အတော်များများက ကန်သင်းထောင့်တွေကျန်တယ်။ ရေသွင်းပြီး စိုက်ထယ်ရေးပြင်ပြီဆိုရင် အလုပ်သမားငှား၊ လက်တွန်းထွန်စက်လေးတွေငှားပြီး ကျန်တဲ့နေရာတွေကို ပြန်လုပ်ရတော့ ငွေထပ်ကုန်တာပေါ့။ တောင်သူတွေက ထိုက်သင့်တဲ့အခကြေးငွေပေးပြီးငှားတာမို့ စက်မောင်းတွေကျွမ်းကျင်မှုရှိရင် နှစ်ဦးနှစ်ဖက်အဆင်ပြေကြမှာပါ" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု ကွင်းအတွင်းမှ တောင်သူတစ်ဦးက ပြောသည်။

စက်မှုလယ်ယာမှ စက်များငှားရမ်းရာတွင် တစ်ရက်လျှင် ငွေကျပ်ငါးသောင်းနှုန်းဖြစ်သော်လည်း ငှားရမ်းသူများကတစ်ဆင့် လက်ပြောင်းငှားရမ်းခြင်းကြောင့် ငှားရမ်းခအရင်းကျေစေရန် ထွန်ယက်ရာ၌ ဧကများများရရှိရေးကို ဦးစားပေးဆောင်ရွက်မှုများရှိနေရာ တောင်သူများအနေဖြင့် အဆင်မပြေမှုနှင့် ကြုံတွေ့နေကြကြောင်း သုံးသပ်ပြောကြားမှုများလည်း သိရသည်။ **ကိုလွင်(ဆွာ)**

# သံတောင်ကြီးမြို့ရှိပြည်သူများအား အခမဲ့ဆေးကုသမှုဆောင်ရွက်ပေး

**သံတောင်ကြီး ဒီဇင်ဘာ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့ ဒေသခံပြည်သူများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)မှ အမှတ်(၁၅) ခုတင် ၁၀၀ တပ်မတော်ဆေးရုံ နယ်လှည့် ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်မှစတင်ကာ Zion နှစ်ခြင်း ခရစ်ယာန်ဘုရား ကျောင်းခန်းမ၌ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆေးဝါးကုသစောင့်ရှောက်မှုပေးရာ၌ သံတောင်ကြီးမြို့တွင် ရာသီဥတုအေးချမ်းမှုကြောင့် ဆေးဝါးကုသမှုခံယူသော ဒေသခံပြည်သူများအပြင် အများစုမှာ မူကြိုကလေးများနှင့် အထကကျောင်းမှ ကလေးငယ်များအနေဖြင့် နှာစေးခြင်းချောင်းဆိုးခြင်း ရောဂါများဖြစ်ကြောင်း သိရသည်။



အဆိုပါ ဆေးကုသမှုကို နံနက် ၉ နာရီမှစတင်ကာ မွန်းတည့် ၁၂ နာရီအထိ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်းနှင့် ဘုရင့်နောင် တိုက်ခိုက်ရေးကျောင်းမှ တပ်နယ်မှူး ဗိုလ်မှူးချုပ်စိုးတင့်နိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာကြက်ခြေနီစေတနာလုပ်အားရှင်များကို ဆေးအိတ်နှင့်ပစ္စည်းများပေးအပ်

**မိုင်းယောင်း ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြုကျန်းမာရေး ဖွံ့ဖြိုးရေးနှင့် ကပ်ရောဂါကြိုတင်ကာကွယ်ရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်ကျေးရွာများရှိ ကျေးရွာကြက်ခြေနီစေတနာလုပ်အားရှင်များအား ဆေးအိတ်နှင့်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား မိုင်းယောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီကော်မတီဥက္ကဋ္ဌ ဒေါက်တာ မင်းသိန်းက လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးရေးနှင့် ကပ်ရောဂါကြိုတင်ကာကွယ်ရေး စီမံချက်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ကြက်ခြေနီ အသင်းဝင်ညီလာခံကိုယ်စားလှယ် ဦးဝင်းမြတ်က မြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် ကြက်ခြေနီကိစ္စရပ်ဆိုင်ရာ ရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် စီမံချက်ကျေးရွာများဖြစ်သည့် ဟောင်ကြန့်၊ ဝမ်ကောင်း၊ ကော့ခွယ်၊ လော့ငိုးနှင့် ရှေခင်ကျေးရွာတို့မှ စေတနာလုပ်အားရှင်များအား ဆေးအိတ်နှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မီးသတ်ဦးစီးမှူး ဦးငွေမော်နှင့် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးနေမန်း ဦးဆောင်သော အဖွဲ့ဝင်များ ပူးပေါင်း၍ ဒီဇင်ဘာ ၁၃ ရက်က မြို့ပေါ်ရှိ မီးသတ် ရေကန်များကို သန့်ရှင်းရေးများဆောင်ရွက်ပြီး မီးသတ်ယာဉ်များဖြင့် ရေထည့်သွင်းခြင်းများ ဆောင်ရွက်စဉ်**
စစ်ကြည်(စလင်း)

# ပြည်သူ့စာကြည့်တိုက်တွင်ဆောင်းပါးရေးရာအဖြာဖြာဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဒီဇင်ဘာ ၁၁ ရက်က လမ်းသစ်ရောင်ခြည်ကျောက်မြောင်း(စာပေစကားဝိုင်း) မှဦးဆောင်၍ ဆောင်းပါးရေးရာအဖြာဖြာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စာရေးဆရာ ရွှေဒါးမောင်လေးရည်က ဆောင်းပါးတစ်ပုဒ် မွေးဖွားခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး လမ်းသစ်အဖွဲ့သားများနှင့် စာပေချစ်မြတ်နိုးသူများက ဆောင်းပါးရေးသားနည်းနှင့် ပတ်သက်သော စာပေရေးရာအဖြာဖြာကို ဆွေးနွေးခဲ့ကာ အဆိုပါ စာပေစကားဝိုင်းကို နှစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**လှလှ**

# စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေး

**ထန်းတပင် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေး၊ ပြည်သူလူထု မီးဘေးလုံခြုံရေးနှင့် အသိပညာပြန့်ပွားစေရေးကို ကလေးသူငယ်များမှစ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်စေရေးအတွက် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်ကို ဒီဇင်ဘာ ၁၂ ရက်က အထက ထန်းတပင် လှိုင်ရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး၏ လမ်းညွှန်မှုအရ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ခိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းအရာများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်း၊ ရှောင်ကြဉ်ရမည့် အချက်များနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံ အသုံးပြုနည်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အဘိဓမ္မာသင်တန်းဆင်း အသိအမှတ်ပြုလွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အရိန္ဒမာခန်းမတွင် ငွေလှရတနာ အဘိဓမ္မာအသင်း(ရန်ကုန်)မှကြီးမှူး၍ ဒီဇင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သော ငွေလှရတနာ အဘိဓမ္မာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က အဆိုပါခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာမ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်)က သင်တန်းတက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစု သင်တန်းသား သင်တန်းသူ ၂၄၇ ဦးအား သင်တန်းဆင်းအသိအမှတ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# တီးတိန်-တွန်းဇံမှ မောင်ကင်ကြား လမ်းတာချဲ့ခြင်းဆောင်ရွက်



**တီးတိန် ဒီဇင်ဘာ ၁၄**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း တီးတိန်-တွန်းဇံ(၁၂/၀)မိုင်မှ မောင်ကင်ကျေးရွာအကြား အတိုင်းအတာ(၄/၀)မိုင်၊ အကျယ် ၂၀ ပေရှိ လမ်းတာချဲ့ခြင်းလုပ်ငန်းကို ငွေကျပ် ၂၅ ဒသမ ၀၁၄ သန်းအကုန် အကျခံကာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့်အဖွဲ့မှ ဒီဇင်ဘာ ၁၂ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။

ယင်းလမ်းတာချဲ့ခြင်း လုပ်ငန်းပြီးစီးပါက လမ်းကြောင်း တစ်လျှောက်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် လာပြီး စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ပိုလီယိုကင်းစင်ရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငှက်ဖျားရောဂါကာကွယ်ရေးဆွေးနွေး

**ကနီ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ပိုလီယိုကင်းစင်ရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငှက်ဖျားရောဂါကာကွယ်ရေး နှစ်ချုပ်ဆန်းစစ်ချက် ဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ပိုလီယိုပပျောက်ရေးအရာရှိ ဒေါက်တာရန်နိုင်က ပိုလီယိုရောဂါကင်းစင်ရေးနှင့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းနောက် ငှက်ဖျားရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ငှက်ဖျားကြီးကြပ်ရေးမှူး ဦးဌေးပိုက မြို့နယ်အတွင်း ငှက်ဖျားရောဂါကြိုတင် ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ဖြစ်ပွားမှုကုသဆောင်ရွက်ခြင်းလုပ်ငန်း နှစ်ချုပ်ဆန်းစစ်ချက်များရှင်းလင်းခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# လမ်းပိတ်ထားခြင်းကြောင့် ဆုံးရှုံးရမှုများ

**သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဓာတ်ပုံ - တင်စိုး**

ကမ္ဘာပေါ်ရှိ မြို့ပြတချို့၌ အခမ်းအနားနှင့် ပွဲလမ်းသဘင်များ ကျင်းပရန်အတွက် အများပြည်သူသုံး လမ်းမများကို အချိန်အတိုင်းအတာတစ်ရပ် သို့တည်းမဟုတ် ရက်အကန့်အသတ်တစ်ခုအတွင်း ပိတ်ထားလေ့ရှိကြသည်။ အများပြည်သူသုံး လမ်းမများကို ပိတ်ဆို့ကန့်သတ်ကာ ပြုလုပ်လေ့ရှိသော ပွဲလမ်းသဘင်နှင့် အခမ်းအနားများမှာ များသောအားဖြင့် ဘာသာရေးဆိုင်ရာ ပွဲတော်များ၊ ရာသီအလိုက် ကျင်းပသော ပွဲတော်များ၊ အထိမ်းအမှတ်ပွဲတော်များ၊ ပြေးခုန်ပစ်အားကစားပွဲများ၊ စစ်ရေးပြအခမ်းအနားများ၊ လူထုချီတက်ပွဲများ စသည်တို့ဖြစ်ကြပြီး တစ်ခါတစ်ရံ၌မူ ထူးထူးခြားခြား ကျင်းပသော ပွဲလမ်းသဘင်များအတွက်ပါ လမ်းများကို ပိတ်ဆို့ထားလေ့ရှိကြသည်။

နိုင်ငံတကာရှိ မြို့ပြများတွင် အများပြည်သူ ကူးသန်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဖောက်လုပ်တည်ဆောက်ထားသော မော်တော်ကားလမ်းများနှင့် လူသွားစင်္ကြံလမ်းများကို အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့ဟန့်တားကာ ပွဲလမ်းသဘင်နှင့် အခမ်းအနားများ ကျင်းပနေကြခြင်းသည် မြို့နေပြည်သူလူထုတစ်ရပ်လုံး၏ လွတ်လပ်စွာကူးသန်းသွားလာခွင့်ကို သက်ဆိုင်ရာ အာဏာပိုင်တို့က ကန့်သတ်ဟန့်တားလိုက်ခြင်းပင် ဖြစ်သည်။ မြို့ပြအုပ်ချုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်တို့က အများပြည်သူသုံး လမ်းမကြီးများနှင့် လမ်းသွယ်တို့ကို ပိတ်ဆို့ဟန့်တားရာတွင် မြို့ပြလမ်းကွန်ရက် တည်ဆောက်ဖောက်လုပ်ထားမှု ကောင်းမွန်ပြည့်စုံသော မြို့ပြများဖြစ်ကာ အကျိုးသက်ရောက်မှု နည်းပါးနိုင်သော်လည်း မြို့ပြလမ်းကွန်ရက်က မြို့ပေါ်ရှိ ကားအစီးရေနှင့် သဟဇာတ မဖြစ်ပါက အကျိုးသက်ရောက်မှုက ကြီးမားလိမ့်မည် ဖြစ်သည်။

မြို့ပြလုံခြုံရေးနှင့် အေးချမ်းသာယာရေးအလို့ငှာ လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့်သော် လည်းကောင်း၊ လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးအန္တရာယ်အသွယ်သွယ်တို့ကြောင့်သော် လည်းကောင်း၊ လမ်းများကို ပိတ်ဆို့ဟန့်တားရခြင်းမျိုးမှာ မလွှဲမရှောင်သာသော ကိစ္စရပ်မျိုး ဖြစ်သော်လည်း ပွဲလမ်းသဘင်နှင့် ပျော်ပွဲရွှင်ပွဲများအတွက် အများပြည်သူတို့ သွားလာအသုံးပြုနေကြသည့် လမ်းမကြီးများနှင့် လမ်းသွယ်တို့ကို ပိတ်ဆို့ဟန့်တားထားခြင်းမျိုးကမူ လူနည်းစု၏ အကျိုးအတွက် လူအများစု၏ လွတ်လပ်စွာကူးသန်းခွင့်များ အပိတ်ပင်ခံရခြင်းပင်ဖြစ်သည်။

ရာဇဝတ်မှုနှိမ်နင်းရေး၊ အကြမ်းဖက်မှု ကာကွယ်ရေး၊ ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုကို ဟန့်တားရေးစသည်တို့ကြောင့် လမ်းအချို့ကို ပိတ်ဆို့ဟန့်တားထားခြင်းသည် မြို့နေပြည်သူလူထု၏ လုံခြုံရေးနှင့်အေးချမ်းသာယာရေးအတွက် စီမံဆောင်ရွက်ခြင်း ဖြစ်သည်။ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းဒဏ်သင့်ခြင်း စသည်တို့ကြောင့် လမ်းပိတ်ထားရခြင်းမျိုးမှာလည်း သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် စီမံလုပ်ဆောင်ကြရခြင်း ဖြစ်သလို... မီးလောင်ခြင်း၊ တံတားပြိုကျခြင်း၊ အဆောက်အအုံ ပြိုလဲခြင်းစသည်တို့ကြောင့် လမ်းပိတ်ထားရခြင်းမျိုးကလည်း လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးအန္တရာယ်များအတွက် မလွှဲမရှောင်သာ စီစဉ်ကြရခြင်း ဖြစ်သည်။

သို့ရာတွင် ပျော်ပွဲရွှင်ပွဲများနှင့်ပွဲလမ်းသဘင် စသည်တို့အတွက် လမ်းများကို ပိတ်ဆို့ဟန့်တားထားခြင်းမျိုးကမူ ကြိုတင်သိရှိပြီး ရှောင်လွှဲ၍ရနိုင်သော ကိစ္စရပ်မျိုးသာလျှင်ဖြစ်သည်။ လူဦးရေထူထပ်ပြီး ကားအစီးရေ အများအပြားရှိကာ လမ်းကွန်ရက်တည်ဆောက်ဖောက်လုပ်ထားမှုက ပြည့်စုံမှုမရှိသော မြို့ပြများအတွက် ထိုသို့သော လမ်းပိတ်ဆို့ထားမှုက မြို့နေလူထုအတွက် ကြီးမားသော အကျိုးသက်ရောက်မှုများ ဖြစ်စေသည်ကို အထူးသတိပြုကြရန် လိုအပ်သည်။

ကမ္ဘာ့မြို့ပြများအနက် လမ်းပိတ်ဆို့မှုကို မကြာခဏပြုလုပ်လေ့ရှိသော မြို့ပြအများစုမှာ ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ ရှိနေကြသည်။ Traffic Control Engineering နည်းပညာကို နားမလည်ခြင်း၊ ထိုနည်းပညာကို ကြားဖူး နားဝရှိသော်လည်း လက်တွေ့၌ ဦးဆောင်ဦးရွက်ပြုမည့် နည်းပညာရှင် မရှိခြင်း၊ ယာဉ်ကြောစီးဆင်းမှု သဘောသဘာဝနှင့် လိုက်လျောညီထွေဖြစ်သော ယာဉ်လမ်းကြောင်း စီမံခန့်ခွဲမှုကို လုပ်ဆောင်နိုင်စွမ်းမရှိခြင်း စသည့်အားနည်းချက် အများအပြားကြောင့် ထိုကဲ့သို့သော မြို့ပြများ၌ သာမန်ယာဉ်ကြော ကျပ်နေချိန်မျိုး၌ပင် ယာဉ်ကြောစီးဆင်းမှုချောမွေ့ရေးကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိကြပေ။

ထိုသို့သော မြို့ပြများတွင် ယာဉ်ကြောကျပ်သည့်အဆင့်မှ ယာဉ်ကြောပိတ်ဆို့မှုအဆင့်အထိ ဖြစ်ပေါ်လာသည့်အခါ မြို့ပြနေပြည်သူလူထုအဖို့ အချိန်ဆုံးရှုံးခြင်း၊ လုပ်အားဆုံးရှုံးခြင်း၊ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှု နှေးကွေးခြင်း၊ တိုးတက်မှု တုံ့ဆိုင်းခြင်း၊ ရည်မှန်းချက်ပြည့်မီရန် အလုပ်မးဝေခြင်း စီမံခန့်ခွဲရေး ကိစ္စရပ်များကို အလျဉ်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိတော့ခြင်း စသည့်အကျိုးဆက်အများအပြားနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။

တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန်မှာ ထိုတိုင်းပြည်နိုင်ငံအတွင်းရှိ မြို့ပြများ အားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် အဓိကအားဖြင့် တည်မှီနေသည်။ မြို့ပြဒေသအသီးသီးတို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုကြောင့် နိုင်ငံတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်ခြင်း၏ ထင်ရှားသော သာဓကအဖြစ် ဂျပန်နိုင်ငံကို တွေ့မြင်နိုင်သည်။ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်နှင့် ဩဂုတ် ၉ ရက်က အမေရိကန်တို့ ကြဲချခဲ့သော အဏုမြူဗုံးများကြောင့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ ပြာပုံဘဝသို့ရောက်ခဲ့ရပြီး နောက်ပိုင်းတွင် အမေရိကန်နှင့် မဟာမိတ်တို့ထံ လက်နက်ချ အညံ့ခံခဲ့ရသော ဂျပန်နိုင်ငံသည် စစ်ပြီးခေတ် ပြန်လည်ထူထောင်ရေးကို လုပ်ဆောင်ရာတွင် တစ်နိုင်ငံလုံးရှိ မြို့ပြဒေသများ အားလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဤသို့ဖြင့် ဂျပန်နိုင်ငံသည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် စီးပွားရေးပြန်လည်ဦးမော့လာပြီး ၁၉၇၀ ပြည့်လွန်နှစ်ကာလများသို့ ရောက်ရှိလာသည့်အခါ အာရှ၏ ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များသို့ ရောက်ရှိချိန်တွင် ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီး မျက်မှောက်ကာလတွင်မူ ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍက မပါလျှင်မပြီးတော့ပြီ ဖြစ်သည်။ ဤသည်မှာကား မြို့ပြဖွံ့ဖြိုးမှုကို လုပ်ဆောင်ရာတွင် မှန်ကန်ကောင်းမွန်သည့် နည်းလမ်းများကို ကျင့်သုံးနိုင်သော ဂျပန်တို့၏စွမ်းရည်ကြောင့်ပင် ဖြစ်သည်။

ဂျပန်တို့က မြို့ပြဖွံ့ဖြိုးရေးနှင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို လုံခြုံချောမွေ့စေရန် ရှေ့တန်းတင် ဦးစားပေးခဲ့သည်ကို တွေ့ရှိနိုင်သည်။ ပင်လယ်ရေ ပတ်လည်ဝိုင်းနေသည့် ကျွန်းစုနိုင်ငံဖြစ်သော ဂျပန်နိုင်ငံ၏ ပထဝီအနေအထားနှင့် ဘူမိသွင်ပြင်တို့အရ ငလျင်ဇုန်ရပ်ဝန်း အများအပြား တည်ရှိနေမှုကြောင့် ငလျင်နှင့် အမြဲတမ်း နပန်းလုံးနေရသလို...အမျက်စွမ်းအားကြီးမားသည့် ဆူနာမီနှင့်လည်း မကြာခဏ လိုက်တမ်းပြေးတမ်း ကစားနေရသည်။ ထိုသို့သော အနေအထားသည့် မြို့ပြတချို့ကို တွေ့မြင်နိုင်သလို လမ်းမကျယ်ကြီးများကို မျဉ်းပြိုင် ဖောက်လုပ်ထားပြီး လမ်းသွယ်အများအပြားကို ထိုလမ်းမကျယ်ကြီးများနှင့် ထောင့်မှန်ကျကျ ကန့်လန့်ဖြတ်လျက် ဖောက်လုပ်ထားသည့် ပဲရစ်မြို့ကဲ့သို့သော မြို့ပြအချို့ကိုလည်း တွေ့မြင်နိုင်သည်။ အလားတူပင် မြို့၏ လမ်းကွန်ရက်အုပ်စုက သီးခြားတည်ရှိပြီး အဝေးပြေးလမ်းမကြီးက ထိုမြို့၏ အစွန်မှ ဖြတ်သန်းသွားသော မြို့တချို့ကိုလည်း တွေ့မြင်နိုင်သလို မြို့ပြလမ်းကွန်ရက်၏ အလယ်တည့်တည့်မှ အဝေးပြေးလမ်းမကြီးက ဖြတ်သန်းသွားသော မြို့များကိုလည်း တွေ့မြင်နိုင်ကြသည်။

မက္ကဆီကိုစီးတီးကဲ့သို့သော မြို့၏တည်ဆောက်ထားပုံသည် အကြောင်းတစ်စုံတစ်ရာကြောင့် လမ်းအချို့ကို ပိတ်ဆို့ဟန့်တားထားသည့်တိုင် အများပြည်သူတို့၏ ကူးသန်းသွားလာရေးကို သိသိသာသာ ထိခိုက်မှုမရှိနိုင်ပေ။ သို့ရာတွင် လမ်းမကြီးများနှင့် လမ်းသွယ်အများအပြားကို စနစ်တကျဖြတ်သန်း ဖောက်လုပ်ထားခြင်း မရှိသော မြို့များ၌ လမ်းပိတ်ဆို့မှု ပြုလုပ်ခဲ့လျှင်မူ အများပြည်သူတို့၏ အချိန်၊ လုပ်အား၊ ကုန်ထုတ်လုပ်မှု၊ ကုန်စည်စီးဆင်းမှုစသည်တို့ကို သိသာစွာ ထိခိုက်စေလိမ့်မည် ဖြစ်သည်။ ပိတ်ဆို့ခံရသော လမ်းမကြီးသည် လည်းကောင်း၊ လမ်းငယ်နှင့် လမ်းသွယ် တို့သည်လည်းကောင်း ဘတ်စ်ကားပြေးဆွဲသောလမ်းကြောင်း



ကြောင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့ကို ခါးစည်းခံနေခဲ့ရသည့်တိုင်၊ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေနိုင်ခြင်းမှာ မြို့ပြများအားလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့်ပင် ဖြစ်သည်။

ဂျပန်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များကို မကြာခဏ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း သဘာဝဘေးဆိုးကြီးများကြောင့် မလွှဲမရှောင်သာဘဲ လမ်းအချို့ကို အချိန်အတိုင်းအတာတစ်ရပ်အထိ ခေတ္တပိတ်ဆို့ဟန့်တား ထားခဲ့သည်မှလွဲ၍ ကျန်အချိန်များတွင် အများပြည်သူသုံးလမ်းမကြီးများနှင့် လမ်းသွယ်တို့ကို ပိတ်ဆို့ဟန့်တားခြင်းမျိုးအား အတတ်နိုင်ဆုံး ရှောင်ကြဉ်ခဲ့သည်။ ဂျပန်ကဲ့သို့သော ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကြောင့်သာ လမ်းအချို့ကို မလွှဲမရှောင်သာဘဲ ပိတ်ထားခဲ့ရသော်လည်း၊ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင်မူ မည်သည့်ဘေးအန္တရာယ်မျှမရှိပါဘဲနှင့် ပျော်ပွဲ ရွှင်ပွဲနှင့် အခမ်းအနားများအတွက် အများပြည်သူသုံး လမ်းမကြီးများနှင့် လမ်းသွယ်တို့ကို ရက်နှင့်ချီ၍ ပိတ်ဆို့ထားလျက် ရှိနေကြဆဲဖြစ်သည်။

လမ်းပိတ်ဆို့မှု များပြားလွန်းသောကြောင့် ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်သော သာဓကအချို့ကို အင်ဂိုလာ၊ ဘော့ဆွာနာနှင့် ဇမ်ဘီယာစသော နိုင်ငံများ၌ တွေ့မြင်နိုင်သည်။ ရိုးရာပွဲတော်အများအပြား ကျင်းပပြီးတိုင်းလည်း လမ်းများကို ပိတ်ဆို့ထားကြသည့် ထိုနိုင်ငံရှိ မြို့ပြများတွင် ဆယ်စုနှစ်တစ်စုမှ နောက်တစ်စုသို့ ကူးပြောင်းသွားသည့်တိုင် ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာ မြင်တွေ့ရခြင်း မရှိပေ။

အလားတူပင် စစ်ရေးပြအခမ်းအနားများကို လိုအပ်သည်ထက် ပိုမိုချဲ့ကား လုပ်ဆောင်နိုင်ရန်အတွက် အများပြည်သူတို့ သွားလာနေသည့် လမ်းအများအပြားကို ရက်နှင့်ချီ၍ ပိတ်ဆို့ထားမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရုံမျှမက ကမ္ဘာ့စည်းဝိုင်းအပြင်ဘက်သို့ပါ ရောက်ရှိနေသော မြောက်ကိုရီးယား၏ ဖြစ်ရပ်ကိုလည်း သင်ခန်းစာယူသင့်ကြသည်။ ပြည်သူလူထုက စားနပ်ရိက္ခာပြတ်လပ်နေချိန်တွင် အဏုမြူလက်နက်ထုတ်လုပ်နိုင်ရေးကိုသာ အာရုံစိုက်ကာ တဇွတ်ထိုးလုပ်ဆောင်နေကြသော ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်တစ်စုကြောင့် သကြံန်အမြောက်နှင့်တူသော နိုင်ငံ့စီးပွားရေးအခြေအနေက မြောက်ကိုရီးယားပြည်သူတို့၏ မျက်နှာများပေါ်၌ ထင်ထင်ရှားရှား ပေါ်လွင်လျက်ရှိနေသည်။

ကမ္ဘာပေါ်ရှိ မြို့ပြများ၏ ဖွဲ့စည်းတည်ရှိနေပုံကို လေ့လာကြည့်လျှင် မက္ကဆီကိုစီးတီးကဲ့သို့ စတုရန်းကွက် အိမ်ရာအများအပြားကို မျက်နှာချင်းဆိုင် အကွက်ဖော်ထားမှုကြောင့် မြို့တွင်းလမ်း အားလုံးတို့မှာ အရပ်လေးမျက်နှာအချိုးညီညီ ရှိနေဖြစ်နေသည်ဆို လျှင်မူ သက်ရောက်မှုက ပို၍ပင်ကြီးမားလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့လူဦးရေအထူထပ်ဆုံး မြို့ကြီးဖြစ်သော ဂျပန်နိုင်ငံ တိုကျိုမြို့ကြီးသည် အင်အားပျော့သော ငလျင်ငယ်များ မကြာခဏ လှုပ်ခတ်နေသည့်တိုင် မြို့ပြဖွံ့ဖြိုးမှုက အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ မော်တော်ကားအစီးရေ သန်းပေါင်းများစွာ ရှိနေသော တိုကျိုမြို့တွင် စီမံခန့်ခွဲမှု အလွန်ကောင်းမွန်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခြင်း မရှိသည့်အပြင် ဆိုးရွားသော ယာဉ်ကြောကျပ်တည်းမှုများကို ရှောင်ရှားနိုင်ခဲ့သည်။ သို့ရာတွင် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတချို့၏ မြို့ပြများ၌ ကားအစီးရေ သိန်းဂဏန်းမျှသာ ရှိသော်လည်း နေ့စဉ်လိုလို ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုများကို မြို့နေလူထုတို့က ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ထိုကဲ့သို့သော မြို့ပြများအနက် မြို့ပြတချို့တွင် ပွဲလမ်းသဘင်နှင့် အခမ်းအနားအမျိုးမျိုးတို့အတွက် လည်းကောင်း၊ လူထုချီတက်ပွဲနှင့် စီတန်းလှည့်လည်ခြင်းများအတွက် လည်းကောင်း၊ အပြေးပြိုင်ပွဲများအတွက် လည်းကောင်း၊ စစ်ရေးပြ အခမ်းအနားများအတွက် လည်းကောင်း၊ လမ်းမကြီးများနှင့်လမ်းသွယ်တို့ကို အချိန်ကြာမြင့်စွာ ပိတ်ဆို့တားဆီးနေကြဆဲပင်ဖြစ်ရာ အဆိုပါ မြို့ပြဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးပြီး နိုင်ငံတကာမြို့ပြများနှင့်ယှဉ်လျှင် နောက်ကျကျန်နေခဲ့ကြသည်သာ ဖြစ်သည်။

အလားတူပင် အချို့သော ကမ္ဘာ့နိုင်ငံများ၌ အုပ်ချုပ်သူလူတန်းစားကို ဦးစားပေးလွန်းပြီး ပြည်သူလူထု၏ အချိန်နှင့်လုပ်အား ဆုံးရှုံးရမှုများကို ထည့်မတွက်သော လုပ်ရပ်များကိုလည်း တွေ့မြင်နိုင်သည်။ ထိုနိုင်ငံမျိုးများတွင် အုပ်ချုပ်ရေးအာဏာပိုင်တို့၏ ယာဉ်တန်းမောင်းနှင်ရန်အတွက် ပြည်သူအများ မောင်းနှင်စီးနင်းသွားလာနေကြသည့် မော်တော်ကားအများအပြားကို အချိန်ကြာမြင့်စွာ ရပ်တန့်စောင့်ဆိုင်းစေခြင်း၊ အရေးကြီးပုဂ္ဂိုလ်တို့၏ ယာဉ်တန်းဖြတ်သန်းချိန်၌ ကျန်မော်တော်ကားများကလမ်းဘေး ပလက်ဖောင်းအနီးသို့ကပ်၍ ရပ်တန့်ပေးရခြင်း စသည့်အပြုအမူမျိုးကို လုပ်ဆောင်နေကြဆဲဖြစ်ပြီး၊ လူ့ယဉ်ကျေးမှု တိုးတက်ထွန်းကားနေသည့် မျက်မှောက်ကာလ၌ပင် ထိုကဲ့သို့သော လုပ်ရပ်များကို စွန့်လွှတ်နိုင်ခြင်း မရှိကြသေးပေ။

အချုပ်အားဖြင့် ဆိုရသော် မြို့ပြဒေသတစ်ခုနှင့် အဆိုပါမြို့ပြ၌ နေထိုင်လျက်ရှိကြသော ပြည်သူလူထု၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုး မာန်တက်ဆောင်ရွက်လိုပါက အများပြည်သူတို့ လွတ်လပ်စွာ ကူးသန်းသွားလာနေကြသည့် အများပြည်သူသုံး လမ်းမကြီးများနှင့် လမ်းအသွယ်သွယ်တို့ကို သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရချိန် မဟုတ်ပါဘဲ၊ အရေးပေါ်စီမံခန့်ခွဲမှုကာလ မဟုတ်ပါဘဲ၊ လူ့ပယောဂကြောင့် ဖြစ်ရသော ဘေးဒုက္ခကျရောက်နေချိန် မဟုတ်ပါဘဲနှင့် အခြားသော အကြောင်းများကြောင့် ပိတ်ဆို့ဟန့်တား ကန့်သတ်ထားမှုများကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရမည်သာ ဖြစ်ပေသည်။

# ကင်ဆာရောဂါသည် စိတ်ဖိစီးမှုများကို ခံစားရပါက ရောဂါပိုဆိုးနိုင်




**နေပြည်တော် ဒီဇင်ဘာ ၁၄**

လူတစ်ဦးတစ်ယောက်အနေဖြင့် ကင်ဆာရောဂါဝေနာခံစားရပါက ၎င်းပုဂ္ဂိုလ်တစ်ဦးတွင် ခံစားရသော စိတ်ဖိစီးမှုဝေဒနာအပြင် ၎င်း၏မိသားစုဝင်များပါ စိတ်ဖိစီးမှုနှင့်ငွေကြေးကုန်ကျမှုများကို ရင်ဆိုင်ရလေ့ရှိကြောင်း၊ ကင်ဆာရောဂါ ဝေဒနာရှင်တစ်ဦးအနေဖြင့် စိတ်ဖိစီးမှုများကိုပါ ထပ်မံခံစားရပါက ရောဂါပိုမိုဆိုးရွားလာနိုင်ပြီး ဘဝနေထိုင်မှု ဆိုင်ရာ အရည်အသွေး( Quality of Life) ပါ ကျဆင်းသွားနိုင်ကြောင်း ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည့် အမျိုးသားအဆင့် ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ (Strategic Planning Meeting on National Cancer Control Programme) ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

ကင်ဆာရောဂါနှင့် ပတ်သက်၍ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၁-၂၀၁၆)တွင် ရေးဆွဲထားခဲ့သော လုပ်ငန်းများကို မိမိတို့အနေဖြင့် အတိုင်းအတာမည်မျှအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း ပြန်လည်သုံးသပ်ရန်လိုအပ်ပါကြောင်း။

ကင်ဆာရောဂါကိုတိုက်ဖျက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွင်းရှိ တာဝန်ရှိသူများ၊ စီမံချက်မန်နေဂျာ၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အထူးသဖြင့်အခြေခံ ကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ ဝန်ကြီးဌာနအပြင် ကုလသမဂ္ဂနှင့် အဖွဲ့အစည်းများ၊ IAEA, IARC, WHO နှင့် ကင်ဆာရောဂါတိုက်ဖျက်ရာတွင် ပါဝင်ဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးမှပါဝင်ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုနှုန်းမြင့်တက်လာသော ကင်ဆာရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ IAEA၊ IARC နှင့် ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီး ကျင်းပသွားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိမ်တွင်းမှု(စက်ချုပ်သင်တန်း)ကျေးရွာများအရောက်ကွင်းဆင်းဖွင့်လှစ်



**ရေတာရှည် ဒီဇင်ဘာ ၁၄**

အမျိုးသမီးငယ်များ ကိုယ်ပိုင်အတတ်ပညာဖြင့် လူမှုဘဝတိုးတက်စေရေးအတွက် ရေတာရှည်မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ အိမ်တွင်းမှုစက်ချုပ်သင်တန်းကို ဒီဇင်ဘာလ ဒုတိယပတ်က ကြံသနွယ် ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်က ကျေးလက်ဒေသနေ အမျိုးသမီးငယ်များအား အိုးမကွာ၊ အိမ် မကွာ ကိုယ်ပိုင်အတတ်ပညာဖြင့် လူမှု ဘဝစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြမည့်အပြင် ဘဝအတွက် ခိုင်မာစွာ ရပ်တည်နိုင်ကြမည်ဖြစ်၍ သင်တန်းတွင် ကြိုးပမ်းသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်က သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ကြံသနွယ်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မအူပင်ဘိုးဘွားရိပ်သာ၌ ကုသိုလ်တော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မြို့ကျက်သရေဆောင် မအူပင်ဘိုးဘွားရိပ်သာကြီး၏ စတုတ္ထကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကုသိုလ်တော်ပွဲကို ဒီဇင်ဘာ ၁၆ ရက် မှ ၂၅ ရက်အထိ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်သည်။

အလှူတော်နောက်ဆုံးနေ့ဖြစ်သည့်ဒီဇင်ဘာ ၂၅ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ အဘွားဆောင်တိုးချဲ့ဖွင့်လှစ်ပြီး ပရိတ်တရားတော်နာယူခြင်း၊ သံဃာတော်များနှင့် သီလရှင်များကို နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခြင်းနှင့်ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(လှိုင်းစစ်)**

# မှိုဆိပ် (Aflatoxin B1) ပါဝင်သည့် ငရုတ်သီးမှုန့်များ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်၌ စည်ပင်သာယာနှင့် မြို့နယ်ကျန်းမာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက စံပြည်ဈေး၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များ၌ ငရုတ်သီးမှုန့်များတွင် ခွင့်မပြု၊ ဆိုးဆေးများ၊ မှိုဆိပ်(Aflatoxin B1) နှင့် Impurities များ ပါဝင်နေခြင်းရှိ/မရှိကို လိုက်လံစစ်ဆေးပြီး ငရုတ်သီးမှုန့်အမှတ်တံဆိပ်အမည်ကိုးမျိုးနှင့် မလွတ်ကင်းသော ငရုတ်သီးမှုန့်များကို သက်ဆိုင်ရာမှ ပြန်လည်သိမ်းဆည်းသွားကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



**လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်း(ဗဟန်း)အားကစားကွင်း၌ ဒီဇင်ဘာ ဒုတိယပတ်က ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲ၊ အားကစားနည်း ၂၆ မျိုးကို ရင်သွေးငယ် ၂၁၀ တို့ ပါဝင်ယှဉ်ပြိုင်ကြရာ အုပ်စုလိုက် လက်ဆင့်ကမ်းအလံကိုင်ပြေးပွဲ ယှဉ်ပြိုင်နေကြစဉ်**
အောင်သန်း(မင်္ဂလာတောင်ညွန့်)

## သတင်းတိုထွာ

# ဗိုလ်တထောင် စေတီဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ရန်ကုန်မြို့ပြကြီး၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး တန်ခိုးကြီး စေတီတော်မြတ်ကြီးဖြစ်သည့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်ကို ဒီဇင်ဘာ ၁၄ ရက်မှစ၍ ၅ ညတိုင်တိုင် စေတီတော်ဓမ္မရင်ပြင်၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓမ္မပူဇာသဘင်တွင် ဓမ္မကထိက ဆရာတော်ကြီးများက ဒီဇင်ဘာ ၁၄ ရက်မှ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၁၈ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေး(ဒလ)**

# ဒေသခံထည့်ဝင်ငွေဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် အောင်မင်္ဂလာရပ် လမ်း ၇၀ နှင့် ၇၁ လမ်းကြား၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား ရေနီမြောင်းအရှေ့ဘက်ရှိ မြေသားလမ်းကို ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကုန်ကျမှုဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က အဆိုပါ လမ်းထိပ်၌ ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဇာနည်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အကျယ် ၁၃ ပေ၊ ထု ၄ ဒသမ၅ လက်မ၊ လမ်းအရှည် ၇၈၅ ပေဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လက်နက်ငယ်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဖွင့်

ကချင်ပြည်နယ် ဗန်းမော်မြို့အကျဉ်းထောင်၌ ဒီဇင်ဘာ ၁၂ ရက်တွင် ဝန်ထမ်းများအား လက်နက်ငယ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးချမ်းအေးကျော်က အမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းကာလမှာ တစ်လဖြစ်၍ ဝန်ထမ်း ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မြစ်ကြီးနားမြို့နယ် ပညာရေးမှူး ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မြစ်ကြီးနားမြို့ ခရိုင်အားကစားကွင်း၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အသက်(၁၆)နှစ်အောက် အထက(၄) နှင့် အထက(၅)တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အထက(၅)က အနိုင်ရရှိခဲ့သည်။ ထို့နောက် တံခွန်စိုက်ဒိုင်း ဆုတံဆိပ်နှင့် ပထမ၊ ဒုတိယ၊ တတိယဆု အကောင်းဆုံးအားကစားသမားဆုရရှိကြသော အသင်းတို့အား မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်ညိုနှင့်တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ပွဲ လှိုင်သာယာအထက(၃)၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၃) အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ၁၃၇ ဦးမှ ဘက်စုံပညာထူးချွန် လူငယ်ရွေးချယ်ခြင်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ထိုသို့ဖြေဆိုရာတွင် အစိုးရကျောင်းနှင့် ပြင်ပပုဂ္ဂလိက ကျောင်းပေါင်း ၆၄ ကျောင်းမှကျောင်းသားများ ဝင်ရောက်ဖြေဆိုခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒီဇင်ဘာ ၁၃ ရက်တွင် အထွေထွေ ဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ဒီဇင်ဘာ ၁၄ ရက်တွင် မြို့နယ်အားကစားခန်းမ၌ ကိုယ်ကာယကြံ့ခိုင်ရေးတို့ကို ဖြေဆိုခဲ့သည်။

အဋ္ဌမတန်းမှ ကျောင်းသားတစ်ဦး၊ ကျောင်းသူ တစ်ဦးစီဖြင့် နဝမတန်း၊ ဒသမတန်းတို့မှလည်း နှစ်ဦးစီရွေးချယ်ကာ ခရိုင်သို့ ကျောင်းသား ကျောင်းသူ ခြောက်ဦးရွေးချယ်ရမည်ဖြစ်ပြီး ခရိုင်အဆင့်တွင် ခြောက်ဦးထပ်မံဖြေဆို ရွေးချယ်၍ တိုင်းအဆင့်တွင် ခြောက်ဦးထပ်မံရွေးချယ်ကာ ရန်ကုန်တိုင်းဒေသကြီး၏ ခရိုင်(၄)ခု အတွက် ၂၄ ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ပြီးသော ဘက်စုံပညာ ထူးချွန်လူငယ်များကို နိုင်ငံတော်မှ လေ့လာရေးစခန်းများ ဖွင့်လှစ်တွေ့ဆုံပေးခြင်း၊ နိုင်ငံခြားလေ့လာရေး ခရီးစဉ်များ စေလွှတ်ခြင်းစသည့် အစီအမံများလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရပြီး ဒီဇင်ဘာ ၁၅ ရက်တွင် အောင်စာရင်းကို မြို့နယ်ပညာရေးမှူးရုံး၌ ကြေညာကာ ခရိုင်အဆင့်အား ဇန်နဝါရီလတွင် ဆက်လက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပုဒ်မ ၃၇၅၊ ၃၇၆ နှင့် ပြစ်ဒဏ်

**တင်ဝင်း**

သက်ငယ်မုဒိမ်းမှုများရပ်တန့်သွားစေရန် လွှတ်တော်တွင်တင်ပြကြ၊ လှုပ်ရှားမှုပြုလုပ်ကြ၊ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးရန် ကျယ်ကျယ်လောင်လောင်ပြောဆိုကြ၊ ရေးသားကြသောကြောင့် မုဒိမ်းမှုနှင့် ပြစ်ဒဏ်အကြောင်းကို တင်ပြလိုခြင်းဖြစ်ပါသည်။

မုဒိမ်းမှု၏ အဓိပ္ပာယ်ကိုရာဇသတ်ကြီးပုဒ်မ ၃၇၅ ကရှင်းပြပြီး ပြစ်ဒဏ်အတိုင်းအတာကို ပုဒ်မ ၃၇၆ တွင် ဖော်ပြထားပါသည်။

ပုဒ်မ ၃၇၅။ ။ ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှ တစ်ပါး အောက်ဖော်ပြပါအကြောင်း ငါးရပ်တွင် သက်ဝင်သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောက်ျားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် ထိုသူသည် "မုဒိမ်းမှု" ကို ကျူးလွန်သည်မည်၏။

ပထမ ။ မိန်းမကအလိုမတူပြင်းဆန်ခြင်း။

ဒုတိယ ။ မိန်းမကခွင့်မပြုခြင်း။

တတိယ ။ မိန်းမကခွင့်ပြုသော်လည်းထိုသို့ ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင် ပြုသဖြင့် ခွင့်ပြုရခြင်း။

စတုတ္ထ ။ မိန်းမကခွင့်ပြုသော်လည်း ယောက်ျားကမိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမကခွင့်ပြုခြင်းမှာလည်းမိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်းမဟုတ် ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သောအခြားယောက်ျားဖြစ်သည်ဟုယုံကြည်၍သာခွင့်ပြုကြောင်းကို ထိုယောက်ျားကသိခြင်း။

ပဉ္စမ ။ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေထိုမိန်းမသည် အသက် ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်ခြင်း။

ရှင်းလင်းချက်။ ။ယောက်ျား၏ အင်္ဂါဇာတ်သည် မိန်းမ၏အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှု မြောက်ရန် လုံလောက်သည်။

ကင်းလွတ်ချက်။ယောက်ျားသည် အသက် ဆယ့်သုံးနှစ်အောက် မဟုတ်သော မိမိ၏ မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။

၃၇၆ ။ မုဒိမ်းမှုကျူးလွန်သူကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏ မယားဖြစ်၍ အသက် တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကားမုဒိမ်းကျင့်သောထိုလင်ကိုနှစ်နှစ်အထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

အထက်ပါ ပြဋ္ဌာန်းချက်သည် ရာဇသတ်ကြီးကိုပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၆/၂၀၁၆ ဖြင့် ပြင်ဆင်သည့် (၇-၁-၂၀၁၆) ရက်နေ့မတိုင်မီ မုဒိမ်းမှုနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ မုဒိမ်းမှုအပါအဝင် အမှုများကိုတရားရုံးများက ဥပဒေနှင့်ညီညွတ်အောင် ကြိုးစားစီရင်ကြသော်လည်း မှားယွင်းချွတ်ချော်မှုများရှိတတ်ပါသည်။ ထိုအခါ တရားရုံးချုပ် (ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်)က စီရင်ထုံးများဖြင့် ရှင်းပြခြင်းနှင့်ပြင်ဆင်တည့်မတ်ခြင်းတို့ ပြုပါသည်။ ယင်းတို့မှ ကောက်နုတ်တင်ပြပါမည်။

ပြည်ထောင်စုနှင့် မောင်ပြုံးအမှု (၁၉၆၅ မြန်မာနိုင်ငံစီရင်ထုံး စာ-၄၈၆) တွင် မောင်ပြုံးကမရှမ်းမနှင့် လင်မယားအဖြစ် ပေါင်းသင်းသည်။ မိခင်ကလည်း သဘောတူသည်။ သို့သော်လည်းမရှမ်းမသည် အသက် ၁၄ နှစ် မပြည့်သေး၍ ရာဇသတ်ကြီး ၃၇၅ အပိုဒ် ၅ အရမုဒိမ်းမှုကျူးလွန်ရာရောက်ကြောင်းဆုံးဖြတ်ပါသည်။ ( ထောင်ဒဏ်သုံးနှစ် ချမှတ်သောအမှုဖြစ်သည်။)

ကြက်ဖနှင့် ပြည်ထောင်စုအမှု (၁၉၆၆ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံးစာ ၈၄၅) တွင်ကြက်ဖက ၈ နှစ်အရွယ် မိန်းကလေးကိုပြုကျင့်ရာ၌ မိန်းကလေးကသဘောတူသည်ဆိုစေကာမူအသက် ၁၄ နှစ်အောက်ဖြစ်၍ မုဒိမ်းမှုမြောက်သည်ဟုဆုံးဖြတ်ချက်ချပါသည်။ (ထောင်ဒဏ် ၅ နှစ် ချမှတ်သောအမှုဖြစ်သည်)

မောင်ညွန့်တင်နှင့် ပြည်ထောင်စုအမှု (၁၉၆၈ မြန်မာနိုင်ငံစီရင်ထုံး၊ အထူးရာဇဝတ်ရုံး စာ-၂၉) တွင် မောင်ညွန့်တင်ကအသက် ၁၄ နှစ်အောက် (အသက် ၁၂ နှစ်အရွယ်) မိန်းကလေးကိုကာမစပ်ယှက်ရာ၌ မိန်းကလေးမှ အလိုမတူဟုယူဆရန်ခဲယဉ်းသော်လည်း မုဒိမ်းမှုမြောက်ကြောင်းဆုံးဖြတ်ပါသည်။ (ထောင်ဒဏ် ၁၀ နှစ် ချမှတ်သောအမှုဖြစ်သည်)

ဆိုခဲ့သည့် စီရင်ထုံးများကသက်ငယ်မုဒိမ်းမှုအကြောင်း၊ တစ်နည်းအားဖြင့် မိန်းကလေးကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည် ဖြစ်စေ၊ မိန်းကလေး၏ အသက်သည် ၁၄ နှစ်အောက်ဖြစ်လျှင် ကာမဆက်ဆံခြင်းကို မုဒိမ်းမှုမြောက်သည့်အကြောင်း ညွှန်ပြလျက်ရှိပါသည်။ ပြစ်ဒဏ်သတ်မှတ်ရာတွင်မူ ကျူးလွန်သူ၊ ကျူးလွန်ခံရသူနှင့် ကျူးလွန်ပုံ စသည့်အချက်များမှာတစ်မှုနှင့်တစ်မှုမတူကြသောကြောင့် တစ်ပြေးညီအပြစ်ပေးရန် မဖြစ်နိုင်သဖြင့် တရားရုံးများက ဆင်ခြင်တုံတရားဖြင့် သတိကြီးစွာထားကာဆောင်ရွက်ကြရပါသည်။

ယခုအခါ ရာဇသတ်ကြီးပုဒ်မ ၃၇၅ နှင့် ၃၇၆ ကိုပြည်ထောင်စုလွှတ်တော်ကဥပဒေအမှတ် ၆/၂၀၁၆ ဖြင့် ပြင်ဆင်လိုက်သဖြင့် ပုဒ်မ ၃၇၅ ပဉ္စမအပိုဒ်ပါ အသက် ၁၄ နှစ်မှာ ၁၆ နှစ် ဖြစ်သွားပြီး ပုဒ်မ ၃၇၅ ကင်းလွတ်ချက်ပါ အသက် ၁၃ နှစ်မှာ ၁၅ နှစ် ဖြစ်သွားပါသည်။ ပုဒ်မ ၃၇၆ ပါ တစ်သက်တစ်ကျွန်းဒဏ်သည် ထောင်ဒဏ် နှစ် ၂၀

**ဥပဒေကိုနားမလည်လျှင်၊ မဆင်ခြင်လျှင် အလွယ်တကူ မုဒိမ်းမှုဖြစ်သွားနိုင်သည်ကို အများပြည်သူနားလည်ရန် လိုအပ်ပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုလိုသူများ ကျေးရွာနေလူငယ်လူရွယ်များ အထူးသတိပြုရန် နှိုးဆော်လိုပါသည်. . .**

အဖြစ် ပြောင်းလဲသွားပါသည်။

သို့ဖြစ်ရာ မုဒိမ်းမှုကျူးလွန်သူကိုယခင်ကထောင် ၁၀ နှစ်အထိသာချမှတ်နိုင်သော်လည်း ယခုအခါ ထောင်ဒဏ် နှစ် ၂၀ အထိချမှတ်ခွင့်ရှိလာပါသည်။ မုဒိမ်းမှုကျူးလွန်ခြင်း မရှိစေကာမူ ဦးမြင့်အောင်နှင့် ပြည်ထောင်စုအမှု(၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၃၆) ၏ ညွှန်ပြချက်အရ ကျူးလွန်ရန်အားထုတ်လျှင် ထောင်ဒဏ် ၁၀ နှစ် ကျခံရဖွယ်ရှိပါသည်။ သို့အတွက် ရာဇသတ်ကြီးကိုပြင်ဆင်ခြင်းသည် တရားရုံးများက ထိရောက်ဟန့်တားသောပြစ်ဒဏ် သို့မဟုတ် ပြင်းထန်သောပြစ်ဒဏ်ပေးခွင့် အပ်နှင်းခြင်းဟုဆိုနိုင်ပါသည်။ ထို့ပြင် ဥပဒေမပြင်မီက ၁၄ နှစ်အောက် မိန်းကလေးနှင့် ကာမဆက်ဆံမှ မုဒိမ်းမှုမြောက်မည်ဖြစ်သော်လည်း ယခုအခါ ၁၆ နှစ်အောက် မိန်းကလေးနှင့် ကာမဆက်ဆံလျှင်လည်း မုဒိမ်းမှုမြောက်ပါသည်။ ထို့အတူယခင်က အသက် ၁၃ နှစ်အောက် ဖြစ်သောမိမိမယားနှင့် ကာမဆက်ဆံမှ မုဒိမ်းမှုမြောက်သော်လည်း ယခုအခါ အသက် ၁၅ နှစ်အောက်ဖြစ်သောမိမိမယားနှင့် ကာမဆက်ဆံလျှင် မုဒိမ်းမှုကျူးလွန်ရာရောက်မည်ဖြစ်ပါသည်။

ဥပဒေကိုနားမလည်လျှင်၊ မဆင်ခြင်လျှင်၊ အလွယ်တကူမုဒိမ်းမှုဖြစ်သွားနိုင်သည်ကို အများပြည်သူနားလည်ရန် လိုအပ်ပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုလိုသူများ၊ ကျေးရွာနေလူငယ်လူရွယ်များအထူးသတိပြုရန် နှိုးဆော်လိုပါသည်။

**ပြစ်ဒဏ်**

တရားရုံးများသည် ပြစ်မှုနှင့် လျော်ညီသောပြစ်ဒဏ်ချမှတ်ရန် ယခင် နိုင်ငံတော်တရားရုံးချုပ်က ၁၉၆၆ ခုနှစ်တွင် ညွှန်ကြားလွှာအမှတ် ၂ ကိုထုတ်ပြန်ခဲ့သည့်အပြင် အခါအားလျော်စွာ ညွှန်ကြားလွှာများကိုထုတ်ပြန်ခဲ့ပါသည်။ အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကိုအန္တရာယ်ဖြစ်စေသောလူသတ်မှု၊ လုသေမှု၊ ဓားပြမှု၊ လုယက်မှု၊ အနိုင်အထက်ပြုမှု၊ မုဒိမ်းမှု၊ သွေးဆောင်ခိုးယူမှုနှင့် ဆေးဝါးအတုပြုလုပ်မှုများကို ထိရောက်ဟန့်တားသောပြစ်ဒဏ်ပေးရန်၊ ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်မဟုတ်ပါကပြင်ဆင်မှုဖွင့်လှစ်ဆောင်ရွက်ရန် ၁၉၇၅ ခုနှစ်တွင် ပြည်သူ့တရားသူကြီးအဖွဲ့ကအကျယ်တဝင့် ညွှန်ကြားပါသည်။ ထို့ပြင် ကျောင်းသူကလေးများအဓမ္မပြုကျင့်ခံရခြင်းများကိုအကြောင်းပြု၍ ၂၀၀၅ ခုနှစ်တွင် တရားရုံးချုပ်ကအဆိုပါအမှုများကျူးလွန်ကြောင်းတွေ့ရှိလျှင် ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်ချမှတ်ရန်နှင့် ကြီးလေးသောပြစ်ဒဏ်ချမှတ်နိုင်သည့် တရားသူကြီးက စစ်ဆေးစီရင်ရန် ညွှန်ကြားပြီးအမှုအားလုံး၏ စီရင်ချက်များကိုတောင်းခေါ်၍ ကြီးကြပ်ထိန်းကွပ်ပါသည်။ ဆိုင်ရာ စီရင်ထုံးအချို့ကိုတင်ပြပါမည်။

ဖခင်ဖြစ်သူကသမီးရင်းကိုမုဒိမ်းကျင့်ခြင်းသည်လူမဆန်သည့် ကိုယ်ကျင့်တရားပျက်ကွက်ခြင်းဖြစ်ကြောင်း၊ ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းပြည်ထောင်စုနှင့် မောင်အောင်ကြည် (၁၉၆၄ မြန်မာနိုင်ငံစီရင်ထုံး စာ-၈၉၄) အမှုတွင် သုံးသပ်၍ မောင်အောင်ကြည်ကိုထောင်ဒဏ် ၁၀ နှစ် ချမှတ်ပါသည်။ မောင်ရင်မောင်နှင့် ပြည်ထောင်စု(၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၇၇ အထူးအယူခံ) အမှုတွင် စိတ်မခိုင်ခံ့သူဖြစ်သည့် ကလေးငယ် (၁၁ နှစ်အရွယ် မိန်းကလေး) ကိုအနိုင်အထက်ပြုခြင်းသည် ဆိုးသွမ်းညစ်ညမ်းသောပြစ်မှုဖြစ်၍ ထိုက်တန်သောပြစ်ဒဏ်သတ်မှတ်ရမည် ဖြစ်ကြောင်းသုံးသပ်ပြီး မောင်ရင်မောင်ကိုတစ်သက်တစ်ကျွန်းဒဏ်ချမှတ်ပါသည်။

မုဒိမ်းမှုများကိုမမြင်ကွယ်ရာတွင် မသမာသူများကကျူးလွန်တတ်သည်သာများပါသည်။ ထို့ကြောင့် မျက်မြင်သက်သေမရှိလျှင် မိန်းမတစ်ဦးတည်း၏ စွပ်စွဲချက်ကိုမယုံရဟုပုံသေထား၍ ဆုံးဖြတ်ရန် မဟုတ်ကြောင်း၊ တရားရုံးချုပ်ကရှင်းပြပြီး ဤသို့သောအမှုတွင် အဓိကစဉ်းစားရန်အချက်တစ်ချက်မှာ မိန်းကလေးသဘောတူညီမှုရှိမရှိဖြစ်ကြောင်း၊ မောင်ညွှန့်လွင်နှင့် ပြည်ထောင်စုအမှု (၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၃၅) တွင် ညွှန်ပြပါသည်။

သို့ဖြစ်ရာသဘောတူညီချက်မရှိပါကပြည့်တန်ဆာပင်ဖြစ်စေကာမူ ၎င်းအားကာမစပ်ယှက်လျှင် မုဒိမ်းမှုမြောက်ပါသည်။ အစဉ်အလိုတူကြည်ဖြူစွာလက်ခံခဲ့သောမိန်းကလေးကိုနောက်ပိုင်းတွင် တရားခံများကဝိုင်း၍ အနိုင်အထက်ပြုကျင့်သောမောင်လှဦးပါ လေး ဦးနှင့် ပြည်ထောင်စု (၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၁၂၅ အထူးအယူခံ) အမှုတွင် ၎င်းတို့အဖွဲ့ကိုထောင်ဒဏ် ၁၀ နှစ်စီချမှတ်ပါသည်။ ထို့အတူဝန်ထမ်းအဖွဲ့အစည်းဖြစ်သောရဲတပ်ဖွဲ့ဝင်များက ၎င်းတို့အားကြောက်လန့်နေရသည့် အမျိုးသမီးများအား လူမဆန်သောပြုကျင့်မှုမျိုး ကျူးလွန်သောကြောင့် မောင်အောင်သန်းပါ ခြောက် ဦးနှင့် ပြည်ထောင်စု (၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၁၃၁ အထူးအယူခံ) အမှုတွင် ဦးဆောင်သူစခန်းမှူးအား တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ပြီးကျန်တရားခံရဲသားများကိုထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

စုစည်းတင်ပြရလျှင် မုဒိမ်းမှုကျူးလွန်ရာတွင် အားပေးကူညီမှု၊ သွေးရင်းသားရင်းကို မုဒိမ်းကျင့်မှု၊ အသက်အရွယ်နုနယ်သူကိုကာမဆက်ဆံမှု၊ အကျင့်စာရိတ္တပေါ့ပျက်နေသူကိုမတရားကျင့်မှု၊ စိတ်ကောင်းစွာမခိုင်သူကိုပြုကျင့်မှု၊ အုပ်စုဖွဲ့၍ အနိုင်ကျင့်မှုစသည်ဖြင့် အကြောင်းအရာအမျိုးမျိုး၊ ပြစ်ဒဏ်အမျိုးမျိုးကွဲပြားနေပုံကိုစီရင်ထုံးများက ပြဆိုလျက်ရှိသည့်အပြင် မုဒိမ်းမှုကျူးလွန်နေစဉ် လူသတ်ပါက တရားခံကိုအမြင့်ဆုံးပြစ်ဒဏ်ချမှတ်ရန် ဥပဒေပြဋ္ဌာန်းချက်လည်းရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် မောင်ထွန်းလွင်နှင့် ပြည်ထောင်စုအမှု (၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၂၄) တွင် အရာတော်မြို့နယ် ဆိပ်ဖူးကြီးရွာ၌ တရားခံမောင်ထွန်းလွင်ကသေသူမတင်သန်းအားအလိုမတူဘဲသားမယားပြုကျင့်စဉ် သေသူကအော်ဟစ်အကူအညီတောင်းသဖြင့် တရားခံကရိုက်ပုတ်ရာမတင်သန်းသေဆုံးခဲ့သည်။ တရားရုံးကတရားခံသည် မုဒိမ်းမှုကျူးလွန်စဉ်လူသတ်မှုကျူးလွန်ကြောင်းဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ)အရ သေဒဏ်ချမှတ်သည်ကိုတရားရုံးချုပ်က အတည်ပြုခဲ့ပါသည်။ အလားတူပင် တင်ရွှေနှင့်ပြည်ထောင်စုအမှု (၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၄၈) တွင် ငပုတောမြို့နယ်၊ ဘုန်းတော်ပြည့်ရွာနေအသက် ကိုးနှစ်သုံးလအရွယ်ကျောင်းသူမချစ်ဖူးမေအား တရားခံတင်ရွှေကမတရားကျင့်ပြီး သတ်ဖြတ်ခဲ့သောကြောင့် ပုသိမ်ခရိုင်တရားရုံးကပုဒ်မ ၃၀၂ (၁)(ခ) အရပင် သေဒဏ်ပေးခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ကြောင်း တင်ပြရင်း ဤဆောင်းပါးကို အဆုံးသတ်ပါသည်။

## စမ်းချောင်းရတနတ္တယသမဂ္ဂဝတ်အသင်း ရွှေစင်နှစ်ပိဿာကျော် လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်ရှိ ရတနတ္တယသမဂ္ဂဝတ်အသင်းကြီးကကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၆၆)ကြိမ်မြောက်အဖြစ် ဆက်ကပ်လှူဒါန်းပူဇော်မည့် ရွှေစင်ရွှေပြားသင်္ကန်းတော်များကို ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ စမ်းချောင်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များသို့ လှည့်လည်အပူဇော်ခံခဲ့သည်။

အသင်းကြီးအနေဖြင့် ယခုနှစ်တွင် ရွှေစင်ရွှေသားအလေးချိန်နှစ်ပိဿာနှင့် တစ်ဆယ့် နှစ်ကျပ်သားဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်းတရားပွဲများကို သီရိလမ်းအတွင်းကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်နံနက်တွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ကော့သောင်းမြို့တွင် ပါရဂူဆေးကုသအဖွဲ့မှ ရပ်ကွက်ပြည်သူများသို့ အခမဲ့ဆေးကုသမှုဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၁၄**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကော့သောင်းမြို့ အမှတ်(၁၃) ခုတင် ၁၀၀ တပ်မတော်ဆေးရုံမှ ပါရဂူဆေးကုသအဖွဲ့(၄)၊ တဆရ(၁၃/၁၀၀)၊ နယ်လှည့်ဆေးကုသအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် နံနက်က ဘုရင့်နောင်ရပ်ကွက်မှ ပြည်သူများအား အခမဲ့ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဗိုလ်မှူး ဇော်မင်းသိန်းဦးဆောင်သည့် အဆိုပါဆေးကုသရေးအဖွဲ့တွင်ဆေးကုသမှု၊ အရိုး၊ သားဖွားမီးယပ်၊ သွားဘက်ဆိုင်ရာ၊ ကလေးအထူးကုစသည့် ပါရဂူဆေးပညာရှင်များအပါအဝင် အဖွဲ့ဝင် ၁၇ ဦးဖြင့် ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်အတွင်းမှ ပြည်သူများအား ရောဂါများစမ်းသပ်ပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများနှင့် ကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဒေသသမိုင်းကြောင်းဆိုင်ရာ ပြခန်းနှင့်ပြတိုက်ငယ် ကျောက်မဲမြို့တွင် ဖွင့်လှစ်ထား

**ကျောက်မဲ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်၌တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုပညာပစ္စည်းများ၊ အသုံးအဆောင်လက်မှုပစ္စည်းများ၊ လူမျိုးနှင့် ဒေသ၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ပြသထားသည့် ပြခန်းနှင့် ပြတိုက်ငယ်(Museum)ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါပြတိုက်ငယ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အတူ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ပလောင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၈ ရက်က စတင်ဖွင့်လှစ် ခင်းကျင်းပြသထားခြင်းဖြစ်သည်။ ပြခန်းတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု၊ လူမျိုးနှင့် ဒေသ သမိုင်းကြောင်းဆိုင်ရာ ပစ္စည်းများဖြစ်သည့် ရှမ်းရိုးရာ တိုင်းရင်းသားဝတ်စုံများ၊ ရှမ်းစာပေများ၊ ရှမ်းရိုးရာ အသုံးအဆောင်များ၊ ရှေးခေတ် ရှမ်းစော်ဘွားများ အသုံးပြုခဲ့သည့် နန်းတွင်းသုံးပစ္စည်းများ၊ ပေပုရပိုဒ်များ၊ ရှမ်းသုံး ငြိမ်းချမ်းရေးသင်္ကေတများ၊ စစ်ထွက်အကျီမျိုးစသည့် ရှေးဟောင်းပစ္စည်းများ၊ ပလောင်ရိုးရာ ယဉ်ကျေးမှုဝတ်စုံများ၊ ပလောင်စာပေများ၊ ပလောင်ရိုးရာ အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ရိုးရာအမွေအနှစ်များကို နောင်လာနောက်သားများ မြင်တွေ့ဖူးစေရန်နှင့် ရှေးခေတ်သမိုင်းကြောင်းကို လေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ ပြခန်းနှင့် ပြတိုက်ငယ်ကို ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပြတိုက်ဖွင့်ပွဲတွင် ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဖ၊ ပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲအပြီးတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပလောင်နှင့် ရှမ်း စာပေနှင့်ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ကျောက်မဲမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ပြတိုက်ငယ်အတွင်း ကြည့်ရှုလေ့လာခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**



## အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ကျွန်းစု ဒီဇင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ၂၀၁၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာနှင့်ဌာနပေါင်းစုံ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ကျွန်းစုမြို့မအားကစားကွင်း၌ ဒီဇင်ဘာ ၁၂ ရက်က စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများမှ အသင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက စတင်ယှဉ်ပြိုင်ကစားခဲ့သည်။ ပြိုင်ပွဲတွင် ရပ်ကွက်/ကျေးရွာနှင့် ဌာနပေါင်းစုံမှ အသင်းရှစ်သင်းပါဝင်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားများကို စိစစ်ရွေးချယ်၍ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူး ဦးရဲကျော်သူက ပြောကြားသည်။

**ရန်နိုင်(ပြန်/ဆက်)**

# မြနန္ဒာကန်တော်ကြီးသို့ မိုးရေဝင်ရောက်မှုများခဲ့၍ သောက်သုံးရေအတွက် အဆင်ပြေမည်

**ငါ့သရောက် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးလေဝသ ကောင်းမွန်မှန်ကန်ကာ မိုးရွာသွန်းမှုများခဲ့၍ မြို့ပေါ်ရှိ အမှတ်(၁၊ ၂၊ ၃၊ ၄) ရပ်ကွက်များမှ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် အဓိက မှီခိုအားထားနေရသည့် အမှတ်(၂)ဈေးကုန်းရပ်ကွက်အနီး မြနန္ဒာသောက်သုံးရေကန်ကြီးအတွင်းသို့ မိုးရေများ ပြည့်လျှံစွာဝင်ရောက်ခဲ့ရာ ဒေသခံပြည်သူများအတွက် သုံးရာသီလုံးစာ သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ငါ့သရောက်မြို့နယ်မှာ မိုးလေဝသ ဒီနှစ် မှန်ကန်ကောင်းမွန်ခဲ့လို့ မြို့ပေါ်ရပ်ကွက်လေးခုနဲ့ အနီးဝန်းကျင်ကျေးရွာများက ဒေသခံပြည်သူတွေ သောက်သုံးရေအတွက် မှီခိုအားထားနေရတဲ့ မြနန္ဒာကန်တော်ကြီးအတွင်း မိုးရေ လုံလောက်စွာ ဝင်ရောက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက မြနန္ဒာကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုနည်းခဲ့လို့ ဒေသခံပြည်သူတွေ သောက်သုံးရေရှားပါးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ရပ်ဝေးရပ်နီးက ပရဟိတ လူမှုရေးအသင်းအဖွဲ့တွေက နေ့စဉ် သောက်သုံးရေ လာရောက်လှူဒါန်းပေးခဲ့ပေမယ့် လှူဒါန်းတဲ့ရေဆိုတော့လည်း ရေကို ချွေတာသုံးစွဲခဲ့ရပါတယ်။ ဒီနှစ်တော့ သုံးရာသီကာလပတ်လုံး သောက်သုံးရေ ပူစရာမလိုတော့ပါဘူး"ဟု အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

မြနန္ဒာကန်တော်ကြီးရှိရာ အောက်ခံမြေသည် ရေစိမ့်ဝင်ခန်းခြောက်မှုနည်းသော မြေအမျိုးအစားဖြစ်ပြီး မိုးကာလတွင် မိုးရေများများဝင်ရန်သာ လိုအပ်ကြောင်း၊ ယခုနှစ်ကဲ့သို့ မိုးလေဝသကောင်းပြီး ရေများများဝင်သည့်နှစ်များတွင် ရေခန်းခြောက်မည်ကို ပူစရာမလိုဘဲ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် စိတ်ချရကြောင်း သိရသည်။ ထို့အပြင် မြနန္ဒာကန်တော်ကြီးနှင့် ပျဉ်းပင်ရပ်ကွက်ရှိ တပြားဆည်ကြီးအတွင်း မိုးရေဝင်ရောက်မှု များနေပါက မြို့တွင်းရှိ အဝီစိတွင်း၊ စိမ့်စမ်းရေတွင်းများမှလည်း ရေထွက်အားပိုကောင်းတတ်သဖြင့် လာမည့် နွေရာသီကာလ ကုန်ဆုံးသည်အထိ ငါ့သရောက်မြို့၌ သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## မင်းကင်း-မြို့မလမ်းကို ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်ရန် ၂၀၂၁ ဘဏ္ဍာနှစ်အထိ စီမံချက်ရေးဆွဲထား

**မင်းကင်း ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်း-မြို့မလမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းဖြစ်သည်အထိ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဖောက်လုပ်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စီမံချက်ရေးဆွဲထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းထံမှ သိရသည်။

"စီမံချက်မှာ ကျပ် ၁၉၅ သန်း ကုန်ကျမယ့် ၅ မိုင် ၃ ဖာလုံ အရှည်ရှိတဲ့လမ်းကို ကျောက်စရစ်ရောမြေ ခင်းသွားမှာဖြစ်သလို ၁၇ မိုင်ကို ကျပ် ၇၇၇၅ ဒသမ ၂ သန်း ကုန်ကျမယ့် ကွန်ကရစ်လမ်းခင်းမှာဖြစ်ပါတယ်။ နောက်ပြီး လမ်းတစ်လျှောက် ကျပ် ၁၀၆ ဒသမ ၂ သန်း အကုန်အကျခံပြီး Box Culvert ရှစ်စင်းကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံတဲ့အစီအစဉ်မှာ လမ်းသားကျဉ်းမြောင်းလို့ လမ်းသားပွဲ့ကျပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နိုင်မယ့်နေရာမှာ ၃၉၆ မီတာ အရှည်ရှိတဲ့ သံကူကွန်ကရစ် မြေထိန်းနံရံ တည်ဆောက်ဖို့ ကျပ် ၁၃၀ သန်း လျာထားတင်ပြ တောင်းခံထားပါတယ်"ဟု ဝန်ကြီးက ပြောကြားသည်။

မင်းကင်း-မြို့မလမ်းပိုင်းတွင် လုပ်ငန်းများဆောင်ရွက်နေမှုကို လမ်းအထူးအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)က နိုဝင်ဘာလကုန်ပိုင်းက သွားရောက်စစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေသော Kham Woo ကုမ္ပဏီမှ တာဝန်ရှိသူများအား သတ်မှတ်ချိန်အတွင်း လုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဇီဝနည်းပညာနှင့် ဇီဝဆေးများအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ရပ်ကွက်နှင့် ကျေးရွာများရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးဝင်းများနှင့် ကျောင်းများ၊ ဈေးများတွင် ဇီဝနည်းပညာနှင့်ဇီဝဆေးများအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို BIO Top Production အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်တွင် လွတ်လပ်ရေးရပ်ကွက်အတွင်း၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



BIO Top Production အဖွဲ့အနေဖြင့် ဇီဝနည်းပညာနှင့် ဇီဝဆေးများအသုံးပြု၍ ခြင်ဆေးဖျန်းပေးခြင်း၊ မိလ္လာကန်နှင့် ရေဆိုးမြောင်းများအတွင်း သန့်စင်ဆေးဖျန်းပေးခြင်းများကို အခမဲ့ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ၎င်းတို့ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ BIO Top Production အဖွဲ့တာဝန်ခံ ဒေါ်ချောစုလှိုင်က "ကျွန်မတို့က လောလောဆယ်တော့ မြို့ပေါ် ၁၂ ရပ်ကွက်ကို လမ်းအလိုက်လှည့်ပြီး ခြင်ဆေးဖျန်းတာတွေ၊ အနံ့ဆိုးနဲ့ ပိုးလောက်လမ်း သေစေနိုင်တဲ့ ဇီဝဆေးခတ်တာတွေ ဆောင်ရွက်ပေးသွားမှာပါ။ ဒီဇီဝဆေးမှုန့်က လူကိုအန္တရာယ်မဖြစ်စေနိုင်ပါဘူး။ သောက်ရေ/သုံးရေ ကန်တွေထဲမှာ ပိုးလောက်လမ်းတွေသေအောင်လည်း ထည့်ထားနိုင်ပါတယ်။ နောက်ပြီး မိလ္လာကန်တွေ၊ တွင်းတွေနဲ့ ရေဆိုးမြောင်းတွေမှာလည်း အနံ့ဆိုးပျောက်အောင် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အခု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကိုတော့ အခမဲ့ ဆောင်ရွက်ပေးသွားမှာပါ။ နောင်ဒီဆေးတွေ လိုအပ်မယ်ဆိုရင်တော့ ကျွန်မတို့က ဖြန့်ဖြူးရောင်းချပေးသွားမှာပါ"ဟု ရှင်းလင်းပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ဆေးရုံ၊ ကျောင်း၊ ဈေးနှင့် နေအိမ်များတွင် မိလ္လာကန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားခြင်းမရှိစေရေး၊ ရေဆိုးရေညစ်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရေး၊ အနံ့ဆိုးများ ကင်းစင်စေရေးနှင့် မိလ္လာကန်စနစ် ပြည့်စုံကောင်းမွန်စေရေးအတွက် BIO Top Production အဖွဲ့အနေဖြင့် ဓာတုပစ္စည်း လုံးဝမပါဝင်သော အဆင့်မြင့်နည်းပညာသုံး သဘာဝ ဇီဝဆေးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကာ နောက်ပိုင်းတွင်လည်း ခြောက်လလျှင် တစ်ကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်အတွင်း ဆေးယဉ်ပါးငှက်ဖျားတိုက်ဖျက်ရေးအတွက် ညှိနှိုင်းဆွေးနွေး

**တနင်္သာရီ ဒီဇင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း၌ ဆေးယဉ်ပါးငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် သုံးလပတ် ညှိနှိုင်းဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ငှက်ဖျားကြီးကြပ်သူ ဦးဇော်လွင်၊ WHO မှ ဒေါက်တာညီနောင်ရိုး၊ မြိတ်ခရိုင် ကုလသမဂ္ဂစီမံကိန်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့မှ ကွင်းဆင်းဘဏ္ဍာရေးမှူး ဦးမင်းမင်းထိုက်၊ မော့တောင်ဒေသ ကျန်းမာရေးမှူး စောမော်စီထွန်းနှင့် မြိတ်ခရိုင် ငှက်ဖျားကြီးကြပ်ရေးမှူး ဦးအေးလွင်တို့က အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာ သုံးလအတွင်း ငှက်ဖျားရောဂါ ရှာဖွေရေး၊ စမ်းသပ်ရေး၊ စာရင်းဇယား ပြုစုနည်းများ၊ လချုပ်ရေးဆွဲပေးပို့နည်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးမှ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ် သား ၅၄ ဦးတက်ရောက်ပြီး မိမိတို့ဒေသအလိုက် အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ခရီးသည်တင်အဝေးပြေးယာဉ်လိုင်းများကို စစ်ဆေးပညာပေး

**သထုံ ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် သထုံခရိုင်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်အတွက် ဒေသတွင်းပြေးဆွဲနေသည့် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများကို သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက ဒီဇင်ဘာ ၁၂ ရက်က စစ်ဆေးပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုလည်းကောင်း၊ ယာဉ်ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ ခရီးသည်များ လိုက်ပါစီးနင်းသည့်အခြေအနေများကိုလည်းကောင်း စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ အဝေးပြေး ခရီးသည်တင်ယာဉ်များအနေဖြင့် လုပ်ငန်းလိုင်စင် စည်းကမ်းနှင့် ညီမညီ၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ အရက်သေစာသောက်စားမှု ရှိမရှိ၊ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်ထွက်ပေါက်အဖြစ် အသုံးပြုရန် ထုခွဲနိုင်သော တူ/ပုဆိန် ပါမပါ၊ ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ ယာဉ်အကူ ပါမပါ၊ ရောင်ပြန်ပြား ပါမပါ၊ ထိုင်ခုံခါးပတ်များ ပတ်ထားခြင်း ရှိမရှိ၊ ယာဉ်မောင်းချိန် ၈ နာရီထက်ကျော်လွန်သော ခရီးစဉ်များ၌ ယာဉ်မောင်းနှစ်ဦး ပါမပါ စသည့်စစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

"လက်ရှိကတော့ ပညာပေးတဲ့အနေနဲ့ လိုအပ်ချက်တွေရှိနေတဲ့ယာဉ်တွေကို ပြန်လည်ပြင်ဆင်ခိုင်းထားတယ်။ ပညာပေးကာလကုန်တာနဲ့ အရေးယူမှုတွေကို ညွှန်ကြားချက်တွေနဲ့အညီ လုပ်သွားမယ်။ ဒီလိုစစ်ဆေးမှုတွေကို အပတ်စဉ် ပြုလုပ်သွားမှာဖြစ်ပြီးတော့ အဝေးပြေး ခရီးသည်တင်ယာဉ်တွေအပြင် အိမ်စီးမော်တော်ယာဉ်တွေကိုလည်း စစ်ဆေးသွားမှာပါ"ဟု သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူက ပြောသည်။

ခရီးသည်တင်ယာဉ်များအနေဖြင့် ယာဉ်၏ အနေအထားကို စစ်ဆေးမှုတွင် အားနည်းသလို ယာဉ်စည်းကမ်းလိုက်နာမှုလည်း အားနည်းသောကြောင့် မတော်တဆမှု၊ အသက်သေဆုံးမှုများနှင့် ကြုံတွေ့နေရလျက်ရှိရာ ယခုကဲ့သို့ စစ်ဆေးမှုများအပြင် ယဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ပညာပေးဟောပြောမှုများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် သထုံခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ဂိတ်ထိုးပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၁၀ လိုင်းခန့်ရှိနေပြီး အဆိုပါ ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ယာဉ်စီးရေမှာ ၆၄ စီးရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သောက်ရေရရှိရေးအတွက် RG-12 တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်ပေး

**မလှိုင် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေနီကျေးရွာအုပ်စု ရေနီ(အနောက်)ရွာတွင် ပြည်သူများလိုအပ်နေသော သောက်ရေလုံလောက်စွာ ရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ပိုင် RG-12 တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းသစ်တစ်တွင်းကို ဒီဇင်ဘာ ၉ ရက်မှစတင်၍ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။



"သုံးရေကတော့ ပေါပါတယ်။ သောက်ရေပဲ အခက်အခဲရှိတာပါ။ ရွာထဲကတွင်းတွေက ပေ ၂၀၀ ကျော် တူးတာတောင် ရေချိုမထွက်ဘူးလို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနပိုင် RG -12 တွင်းတူးစက်ကြီးနဲ့ လေးလက်မစက်ရေတွင်းကို အနက်ပေ ၈၀၀ အထိ စမ်းသပ်တူးဖော်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းမြစ်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေနီ(အနောက်)ကျေးရွာတွင် အိမ်ခြေ ၂၃၀ ရှိကာ လူဦးရေ ၁၂၃၀ ခန့် နေထိုင်လျက်ရှိပြီး ကျေးရွာအတွင်း၌ လက်တူးတွင်းများနှင့် စက်ရေတွင်းများ ရှိသော်လည်း သုံးရေအတွက်သာရပြီး သောက်၍မရကြောင်း၊ သောက်ရေအတွက် ရွာ၏အနောက်ဘက်ရှိ ရေကန်နှင့် စိမ့်တွင်းရေကိုသာ အားထားအသုံးပြုနေကြရကာ အဆိုပါ ရေကန်နှင့် စိမ့်တွင်းမှာ ယခုအခါ ရေများတဖြည်းဖြည်း လျော့နည်းခန်းခြောက်လာပြီဖြစ်၍ မကြာမီရောက်ရှိလာတော့မည့် နွေရာသီကာလတွင် သောက်ရေအခက်အခဲမရှိအောင် စက်ရေတွင်းသစ်ကို စမ်းသပ်တူးဖော်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ပြည်သူ့ဝန်ဆောင်မှုရုံး အဆောက်အအုံသစ် တည်ဆောက်မှု ၇၃ ရာခိုင်နှုန်းအထိ ပြီးစီးနေ

**ကန့်ဘလူ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာရုံးများကို တစ်နေရာတည်း၌ စုစည်းဝန်ဆောင်မှုပေးနေသည့် ပြည်သူ့ဝန်ဆောင်မှု(One Stop Shop)ရုံးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယာယီဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိကာ ရုံးအဆောက်အအုံသစ်ကိုလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသစ်ကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၄ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော ခန့်ညားကိုကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ရုံးအဆောက်အအုံသည် အလျား ပေ ၈၀ နှင့် အနံ ပေ ၄၀ ရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တည်ဆောက်မှု ၇၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မကုန်မီ အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ကန့်ဘလူမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးကို ယာယီအနေဖြင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားပြီး ဌာနဆိုင်ရာရုံးခုက တစ်နေရာတည်းတွင် စုစည်းကာ ဝန်ဆောင်မှုများပေးနေကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မှုခင်းသတင်းတိုများ

### မှန်လုံယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၍ လူလေးဦးသေဆုံး

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအုပ်စု ညောင်ဇောက်ကျေးရွာ၌ ဒီဇင်ဘာ ၁၂ ရက်က ခရီးသည်တင်မှန်လုံယာဉ်နှင့် ဆိုင်ကယ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မိကာ ဆိုင်ကယ်ပေါ်ပါသူလေးဦးစလုံး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ်အဝေးပြေးကားလမ်း မိုင်တိုင်အမှတ်(၂၃/၁)နှင့် (၂၃/၂) အကြားတွင် ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အမည်မသိ မောင်းနှင်လာသော ရဲရင့်ခိုင် ခရီးသည်တင်မှန်လုံယာဉ်သည် ရှေ့တွင်ရှိသော ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို ကျော်တက်မောင်းနှင်စဉ် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ အမည်မသိယာဉ်မောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းလာသူနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာကြသော အမျိုးသမီးနှစ်ဦး၊ အသက်ခြောက်နှစ်အရွယ်ခန့် ကလေးငယ်တစ်ဦး စုစုပေါင်း လေးဦးမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း၊ မှန်လုံယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည့် ရဲရင့်ခိုင် ခရီးသည်တင်မှန်လုံယာဉ်မောင်းသူအား အမြန်ဆုံး စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မဲဇလီရဲတပ်ဖွဲ့စခန်းက ဆောင်ရွက်လျက်ရှိကာ ဖမ်းဆီးရမိပါက အမှုကို ခိုင်မာစွာတည်ဆောက်၍ အမြန်ဆုံး တရားစွဲတင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ထိုင်းနိုင်ငံသားတစ်ဦးပါ ဖမ်းဆီးရမိ

မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ၌ မြန်မာနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးက စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေသည်ကို ဒီဇင်ဘာ ၁၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မင်းလက်ပံကျေးရွာ ကျွန်းစိုက်ခင်းပြောင်းတော၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်းသတင်းအရ နယ်မြေခံတပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးကျော်မျိုးလွင်နှင့် မြဝတီမြို့မရဲစခန်းမှ ခေတ္တနယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်သက်နိုင်စိုးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က ပြောင်းတောကို ပိတ်ဆို့ ရှာဖွေဖမ်းဆီးရာ ဖလူးကြီးကျေးရွာနေ အကြပ်(ခ)ဇော်လတ်(၃၄ နှစ်)နှင့် မဲဆောက် မြို့နယ် နေ ထိုင်းနိုင်ငံသား ကရော့နွဲ့(၆၇ နှစ်)တို့အား တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားနှင့် အစိမ်း ရောင်နှစ်ပြား၊ မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသော ထိုင်းဘတ်ငွေရောရော ၆၀၀၀ ဘတ်နှင့် နံပါတ်တပ်ဆင်ထားခြင်းမရှိသော ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဇော်လတ်အား စစ်ဆေးချက်အရ ဆေးပြား ၄၀၀ ကို ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက ကိုကြီးဆိုသူတစ်ဦးက လာရောက်ပို့ဆောင်ခဲ့၍ ဆေးပြား ၂၀၀ ကို ထိုင်းဘတ် ငွေ ၅၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်းသိရသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ အကြပ်(ခ)ဇော်လတ်နှင့် ထိုင်းနိုင်ငံသား ကရော့နွဲ့၊ ထွက်ပြေးလွတ်မြောက်နေသူ ကိုကြီးတို့အား မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### ဆင်ဆာမဲ့ဗီဒီယိုခွေများရောင်းချသူအားဖမ်းဆီးအရေးယူထား

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဆင်ဆာမဲ့ဗီဒီယိုခွေများ ရောင်းချနေသူတစ်ဦးကို ဒီဇင်ဘာ ၁၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင် ဆင်ဆာမဲ့ဗွီဒီယိုခွေများရောင်းချနေကြောင်းသတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မင်းမောင်မောင်(၃၂ နှစ်)၏ဆိုင်သို့ ဝင်ရောက်ရှာဖွေရာ ဆိုင်အတွင်းမှ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းခွေမျိုးစုံ အခွေ ၇၂၀၊ ဆင်ဆာမဲ့ မြန်မာသီချင်းခွေနှင့် ဟာသခွေမျိုးစုံ အခွေ ၂၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းမောင်မောင်အား ပဲခူးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ဆိုင်ကယ်နှစ်စီးပွတ်တိုက်၍တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

သန်လျင်မြို့ သွပ်ပြားစက်ရုံအနီး၌ ဒီဇင်ဘာ ၁၂ ရက် နေ့လယ်ပိုင်းက ဆိုင်ကယ်နှစ်စီး ပွတ်တိုက်မိရာမှ ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းသူ နှစ်ဦးအနက် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သန်လျင်မြို့နယ် သွပ်ပြားစက်ရုံလမ်းအတိုင်း မြောက်မှတောင်သို့ သူရအောင်(၂၀ နှစ်) မောင်းနှင်လာသောဆိုင်ကယ်နှင့် အမည်မသိ ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦး၏ အမျိုးအစားစိစစ်ဆဲဆိုင်ကယ်တို့ ပွတ်တိုက်မိခဲ့ရာမှ သူရအောင်၏ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူ နှစ်ဦးအနက် မဝါဝါထွန်းမှာ(မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ပြီး ဒေါ်ခင်သိန်း(၇၈ နှစ်)မှာ ပြင်းထန်ဒဏ်ရာများရရှိကာ သန်လျင်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ သူရအောင်နှင့် ထွက်ပြေးသွားသည့် အမည်မသိဆိုင်ကယ်သမားကို သန်လျင်မြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

### ယာဉ်တိုက်မှုဖြစ်၍ကလေးငယ်တစ်ဦးသေဆုံး

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အဝင်းကြီးကျေးရွာအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် (၁၃၁/၁) နှင့် (၁၃၁/၂)အကြား၌ ဒီဇင်ဘာ ၁၁ ရက်က အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးကို မှန်လုံယာဉ်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ ကလေးကစားကွင်း၌ ဆော့ကစားပြီး နေအိမ်သို့ပြန်ရန် လမ်းဖြတ်ကူးလာသော မသင်းသင်းအေးအား သထုံဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း အောင်သန်းထွဋ် မောင်းနှင်လာသည့် ဟွန်ဒိုင်းအမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ပြီး မသင်းသင်းအေးမှာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ အောင်သန်းထွဋ်အား ဘီးလင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၁၀၀၀)ဦးအနက် ၅၀ ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့် မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

## ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် ၅၀ ဦးစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | အဓိက လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| **ကျပ်သန်း ၂၀၀၀၀ အထက်** | | | | | |
| ၁ | Denko Trading Co., Ltd | အမှတ်-၁၉၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| **ကျပ်သန်း ၂၀၀၀၀ အောက်** | | | | | |
| ၂ | Dagon Beverages Co.,Ltd | အမှတ်(၅၅၅/ဘီ)၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃ | Myawaddy Trading Ltd | အမှတ်-၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄ | Shwe Byain Phyu Co.,Ltd | တိုက်-၂၀၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၅ | Asia Energy Trading Co.,Ltd | အမှတ်-၂၉၇၊ ရွှေတိဂုံဘုရားလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၆ | Regency Material Trading Co.,Ltd | အမှတ်-၆၊ အောင်ဆန်းအားကစားကွင်း(အရှေ့ဘက်)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| **ကျပ်သန်း ၁၀၀၀၀ အောက်** | | | | | |
| ၇ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ ပြည်လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၈ | City Mart Holding Co.,Ltd | အမှတ်(၁-၁၁)၊ ပဒုမ္မာကွင်း(အရှေ့ဘက်ခြမ်း)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၉ | ဒေါ်မာမာဦး | အမှတ်-(၉၁)၊ မဉ္ဇူလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်း ဒေသကြီး | အရက်ပုလင်း သွင်းလုပ်ငန်း | |
| ၁၀ | Benhur Trading Co.,Ltd | အမှတ်(၁/၃၁)၊ ပန်းတဥ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၁ | Farmer Phoyarzar Co.,Ltd | အမှတ်-၁၈၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၂ | PT Power Trading Co.,Ltd | အမှတ်(၂၃၅/ဘီ)၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Trading | |
| ၁၃ | Myanmar Imperial Jade (Gems & Jewellery) Co.,Ltd | အမှတ်(၂၂)၊ ပြည်လမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Gems | |
| **ကျပ်သန်း ၅၀၀၀ အောက်** | | | | | |
| ၁၄ | Six Winner Brothers Co., Ltd. | အမှတ်(၉)၊ သီရိမွန် ၁၀ လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၅ | Shwe Me Co., Ltd. | အမှတ်(၇၉-၈၁)၊ စင်ထရယ်တာဝါ၊ ပထမထပ်၊ အခန်းအမှတ် ၁၀၂၊ အနော်ရထာလမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၆ | Myat Myittar Mon Gems & Jewellery Co., Ltd. | အမှတ် ၅၆/၅၇၊ ၆ လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၁၇ | Kyaw San Co., Ltd. | အမှတ် ဒီ/၆၉၊ ကန်သာယာလမ်း၊ FMI အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၁၈ | Jing Hpaw Aung Jade & Jewellery Co., Ltd | အမှတ် ၆၁၅/၁၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Gems | |
| **ကျပ်သန်း ၄၀၀၀ အောက်** | | | | | |
| ၁၉ | New Day Energy Co., Ltd. | အမှတ်(၅၄)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၀ | Myanma Economic Holdings Limited | အမှတ် ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| **ကျပ်သန်း ၃၀၀၀ အောက်** | | | | | |
| ၂၁ | Auspicious Millennium Trading Group Co., Ltd. | အမှတ် ၁၅၄၊ ဥယျာဉ်လမ်းသွယ်-၂၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၂၂ | Shu San Industry Co., Ltd. | အမှတ် ၉၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
